မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၁/၂၀၀၈)ဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ဥပဒေအပြည့်အစုံကို စာမျက်နှာ (၈)၊ (၉) နှင့် (၁၀)တို့တွင် ဖော်ပြထားပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဖွဲ့စည်းခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ်(၃/၂၀၀၈)ဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကြေညာချက်အမှတ်(၃/ ၂၀၀၈)

၁၃၆၉ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၈ဖြင့် ပြဋ္ဌာန်းထားသော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၏ အခန်း၃၊ ပုဒ်မ၅(က)အရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ကို ဖွဲ့စည်းလိုက်သည်–

၁။	ဦးအောင်တိုး	ဥက္ကဋ္ဌ
၂။	ဦးအင်ဇော်နော်	အဖွဲ့ဝင်
၃။	ဦးစိုင်းယီကျန်း	အဖွဲ့ဝင်
၄။	ဦးမျိုးတင့်	အဖွဲ့ဝင်
၅။	ဦးစောဝင်းအောင်	အဖွဲ့ဝင်
၆။	ဦးခက်ထိန်နန်း	အဖွဲ့ဝင်
၇။	ဦးလန်းဇုန်း	အဖွဲ့ဝင်
၈။	ဦးထမိုင်ယုံ	အဖွဲ့ဝင်
၉။	ဦးကျော်ဒင်(ခ)ဦးထေးရယ်	အဖွဲ့ဝင်
၁၀။	ဦးကျော်ထွန်း	အဖွဲ့ဝင်
၁၁။	ဦးစောလှိုင်	အဖွဲ့ဝင်
၁၂။	ဒေါက်တာမှုထန်	အဖွဲ့ဝင်
၁၃။	ဦးရှီသီး	အဖွဲ့ဝင်
၁၄။	ဒေါက်တာမောင်ထူး	အဖွဲ့ဝင်
၁၅။	ဦးမောင်လှ(ခ)ဦးလှမြင့်	အဖွဲ့ဝင်
၁၆။	ဦးချစ်မောင်	အဖွဲ့ဝင်
၁၇။	ဦးချစ်လှ	အဖွဲ့ဝင်
၁၈။	ဒေါက်တာအောင်ဆန်းဝင်း	အဖွဲ့ဝင်
၁၉။	ဦးအေးမောင်	အဖွဲ့ဝင်
၂၀။	ဒေါက်တာထွန်းရှင်	အဖွဲ့ဝင်
၂၁။	ဦးထွန်းထွန်းဦး	အဖွဲ့ဝင်
၂၂။	ဦးတင်မောင်	အဖွဲ့ဝင်
၂၃။	ဦးအောင်မြို့	အဖွဲ့ဝင်
၂၄။	ဦးခွန်အောင်ငြိမ်း	အဖွဲ့ဝင်
၂၅။	ဦးသိန်းရွှေမောင်	အဖွဲ့ဝင်
၂၆။	ဦးကြာထွန်း	အဖွဲ့ဝင်
၂၇။	ဦးသောင်းညွှန့်	အဖွဲ့ဝင်
၂၈။	ဒေါက်တာတင်အောင်အေး	အဖွဲ့ဝင်
၂၉။	ဦးတင်အေး	အဖွဲ့ဝင်

ကျော်ဖုံးသို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်)

သဘာဝကဖန်တီးပေးထားသည့် အင်းလေးကန် အစဥ်စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းထိန်းသိမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်သည် ကမ္ဘာတွင် ကျော်ကြားထင်ရှားသည်။ အင်းလေးကန် သာယာလှပရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းသည် အဓိကကျလျက်ရှိသည်။ သစ်တောသစ်ပင်တို့သည် အင်းလေးကန်အတွင်းသို့ မြေနုန်းများ စီးဝင်မှုကို ထိန်းသိမ်းကာကွယ်ပြီး ရာသီဥတု သင့်တင့်မျှတစေရေး ဖန်တီးပေးလျက်ရှိသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံရှိ ကုန်းတွင်းရေအိုင်ကြီးများအနက် အကြီးဆုံး ရေအိုင်ကြီးများတွင် ပါဝင်သည်။ ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံကြီးအတွက် အထောက်အကူပြု ရေကန်ကြီးလည်း ဖြစ်သည်။

အင်းလေးကန်သည် ပတ်ဝန်းကျင်ရှိ ရေဝေရေလဲသစ်တောများ ပြုန်းတီးလာသဖြင့် မိုးရေတိုက်စားကာ သဲနုန်းများကျရောက်ခြင်း၊ တောခုတ်၊ မီးရှို့ခြင်း စသည်တို့ကြောင့် ကန်ရေပြင်ထိခိုက်မှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်သည်။

ယခုအခါ အင်းလေးကန် မိုင်၂၀ဝန်းကျင် သစ်တော၊ရေ၊မြေ၊သားငှက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က အင်းလေးကန် အစဉ်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ ကမ်းပါးပြိုမှု ထိန်းသိမ်းကာကွယ်ခြင်း၊ လှေကားထစ် လယ်ယာဖော်ထုတ်ခြင်းအပြင် ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နုန်းထိန်းတမံတည်ဆောက်ခြင်း၊ နုန်းဖမ်းဆည်တည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်းနှင့် ရေမှော် ရှင်းလင်းခြင်း လုပ်ငန်းများကို အစဉ်မပြတ်ဆောင်ရွက်လျက်ရှိသည်။ အင်းလေးကန်အတွင်း ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ဒေသခံပြည်သူများ၏ စီးပွားရေးတိုးတက်ခိုင်မာလာပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာလျက်ရှိသည်။

သို့ဖြစ်ရာ သဘာဝက ဖန်တီးပေးထားသည့် အင်းလေးကန်ကြီး အစဉ်စိမ်းလန်းစိုပြည် သာယာလှပပြီး ရေဝေရေလဲသစ်တောများ၊ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးတို့အတွက် အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သုဇနာရာမ ဝိဇ္ဇာသိပ္ပံစာသင်တိုက် နွေပညာဒါန သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၄ ရပ်ကွက် အဓိပတိလမ်း စိန်ပန်းမှတ်တိုင်အနီးရှိ သုဇနာရာမ ဝိဇ္ဇာသိပ္ပံစာသင်တိုက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇန(အစိုးရဓမ္မာစရိယ၊ B.A)ဦးစီး၍ ပညာဒါနစာပြ စာချဆရာတော် ဘဒ္ဒန္တကဝိဓဇ (B.Com)က သင်တန်းမှူးအဖြစ် ဆောင်ရွက်တာဝန်ယူသည့် နွေရာသီအင်္ဂလိပ်စကားပြော အထူးသင်တန်းများကို မတ်၁ရက်မှစတင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ဆဋ္ဌမတန်းမှ ဘွဲ့ကြို၊ဘွဲ့ရ၊ဘွဲ့လွန်များအထိ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ်နှင့် ဧပြီ နှစ်လ အထူးသင်တန်းဖြစ်သည်။ တက်ရောက်လိုသူများသည် အထက်ပါစာသင်တိုက်သို့ လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဘဒ္ဒန္တကဝိဓဇ (B.Com) ဖုန်း-၀၉-၂၀-၄၅၂၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဗျူဟာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ်၃ရက်မှ ၂၇ရက်အထိ တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သုံးရက် ဓမ္မဒါန ပို့ချသွားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက်၈နာရီမှ၁၀နာရီအထိ ဖြစ်သည်။ အခြေခံ(၁)တွင် ငါးနှစ်မှ ကိုးနှစ်၊ အခြေခံ(၂)တွင် ၁၀နှစ်မှ၁၅နှစ်နှင့် အခြေခံ(၃)တွင် ၁၆နှစ်အထက် တက်ရောက်နိုင်ပြီး သင်တန်းသားစာရင်းကို မတ်၁ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ စာရင်းပေးသွင်းနိုင်သည်။ သင်တန်းသူ၊ သင်တန်းသားများသည် အင်္ကျီအဖြူ၊ လုံချည်၊ထမီ(ယောဂီအညိုရောင်)ဝတ်ဆင်ရမည်ဖြစ်ပြီး အာဟာရအတွက် လှူဒါန်းလိုသူများနှင့် စုံစမ်းမေးမြန်းလိုပါက အသင်းချုပ် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ခွဲစိတ်ကုပညာအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ခွဲစိတ်ကုပညာအဖွဲ့က ကြီးမှူး၍ **Surgical Emergency(II)** ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကိုမတ်၁ရက်(စနေနေ့)နံနက် ၉နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၂၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၂၅)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနဲ့အတူ** (အပိုင်း-၂၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ICT သုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၀)

ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၇)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင် အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်းရည်မှန်းချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM&PM

၇း၀၀	၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	၁း၀၅	ဆဒ္ဒန်ဆင်မင်း တရားတော် (ဒုတိယပိုင်း) အရှင်စန္ဒသာရ (ကျောင်းကုန်းဆရာတော်)
၈း၀၀	၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅	၂း၀၅	Industrial Talk (ဒေါက်တာမင်းသိန်း၊ ဦးတင်အောင်ရွှေ သုတေသီ)
၈း၄၅	၂း၄၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၉း၁၀	၃း၁၀	ခိုင်ခံ့လှပလင်းလင်းသာပရိဘောဂ
၉း၂၅	၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀	၃း၄၀	Midweek Sports News
၉း၅၅	၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	၄း၀၀	ကွန်ရက်ပမာယုက်သွယ်ဖြာ
၁၀း၁၀	၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	၄း၁၅	**သူနဲ့ပဲနေတော့မယ်** (ငှက်ပျောကြော်၊ ကြူကြူသင်း၊ ဒါရိုက်တာ-ရွှေဦး (MRTV)
၁၀း၂၅	၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	၄း၃၅	Yangon Panorama (Tripartite Expression)
၁၁း၀၀	၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	၅း၁၀	မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာ ထွန်းအောင်ကျော်)
၁၁း၃၀	၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	၅း၃၅	ACT အေးချမ်းသာ ပရဟိတကျောင်း
၁၂း၀၅	၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	၆း၁၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဘရိတ်ကီလန်းတဲ့ နန်းဆုသကြၤန်** ဗီဒီယိုဇာတ်ကား ရိုက်ကွင်းအမှတ်တရ
၁၂း၃၀	၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	၆း၃၅	International Video Topics (နဂါးအစစ်အားရှာဖွေခြင်း)
၁း၀၀	၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှု နိုင်ပါသည်။

ဒီမိုကရေစီပန်းတိုင်သို့ ထင်သာမြင်သာအချိန်ဇယားနှင့်အညီ ချီတက်မည့်မြန်မာ

ဦးမြကျော်

ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ အနောက်အရင်းရှင်နယ်ချဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗြိတိသျှတို့လက်အောက် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ပြီး မြန်မာနိုင်ငံက ကြွယ်ဝသမျှ သယံဇာတတွေ၊ ထွက်ကုန်သီးနှံတွေ၊ နန်းစဉ်ရတနာတွေအပါအဝင် အဖိုးတန်ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား၊ နီလာ စတဲ့ အဖိုးတန်တွင်းထွက်ရတနာတွေကို ပါးဖြဲ၊ နားဖြဲထုတ်ယူပြီး ဗြိတိသျှတို့ အလွန့်အလွန် ချမ်းသာသွားခဲ့ကြပါတယ်။

ဒီလိုပါပဲ ကမ္ဘာ့နိုင်ငံများစွာဟာ အနောက်က စက်မှုအရင်းရှင်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယန်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ၊ အမေရိကန် စတဲ့နိုင်ငံတွေလက်အောက် ကျွန်သပေါက်ဘဝကို ကျရောက်ခဲ့ကြပါတယ်။ အဲ့ဒီ ကျွန်ပြုခံနိုင်ငံတွေဟာ ရှိသမျှသယံဇာတ ထွက်ကုန်တွေကို သွေးစုပ်အမြတ်ထုတ်ခံခဲ့ကြရပါတယ်။

အဲဒီအချိန်မှာ သူတို့နိုင်ငံတွေက အဘိဓာန်စာအုပ်ထဲက Freedom, Liberty, Independence (လွတ်လပ်ရေး) ဝေါဟာရတွေကို ထုတ်ပယ် ထားခဲ့ကြပါတယ်။ အလားတူ Democracy(ဒီမိုကရေစီ)၊ Humanright(လူ့အခွင့်အရေး)၊ Non-agression(မကျူးကျော်ရေး)၊ Non-interference (မစွက်ဖက်ရေး)ဆိုတဲ့ စကားလုံးဝေါဟာရတွေကိုလည်း ဖယ်ထုတ်ထားခဲ့ကြပါတယ်။

အံ့သြစရာပါပဲ၊ ဒီနေ့တော့ အဲဒီနယ်ချဲ့နိုင်ငံတွေကပဲ လွတ်လပ်ခွင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဆိုတဲ့စကားလုံးတွေကို အပ်ကြောင်းထပ်အောင် ဟစ်ကြွေးပြီး နယ်ချဲ့ထမ်းပိုးအောက်က လွတ်မြောက်ကာ ကိုယ့်နိုင်ငံကိုယ် ပြန်လည်ထူထောင်နေရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို စစ်ရေးကျူးကျော်လား ကျူးကျော်ရဲ့၊ စီးပွားရေး ပိတ်ဆို့နှောင့်ယှက်လား နှောင့်ယှက်ရဲ့၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်လား စွက်ဖက်ရဲ့လုပ်နေကြတာ တွေ့ရပါတယ်။ ကြွက်ခုတ်မယ့် ကြောင်ကြီးက လည်ပင်းစိပ်ပုတီးစွပ်ပြီး ကြောင်သူတော်ဟန် လုပ်ပြနေတာနဲ့ သိပ်တူပါတယ်။

မြန်မာတိုင်းရင်းသားပြည်သူတွေဟာ အေးချမ်းသာယာစွာ သမိုင်းတစ်လျှောက် ဥမကွဲသိုက်မပျက် အတူယှဉ်တွဲ နေထိုင်လာခဲ့ကြရာက နယ်ချဲ့ကျူးကျော် တိုက်ခိုက်ခံရတဲ့ ၁၈၂၄ ခုနှစ်ကစပြီး သွေးစည်းလက်တွဲကာ နယ်ချဲ့ကိုခုခံတွန်းလှန်ခဲ့ကြပါတယ်။ မိမိတို့ရဲ့ မူလဘိုးဘွားပိုင် နိုင်ငံနယ်မြေတွေနဲ့ အချုပ်အခြာအာဏာ(လွတ်လပ်ရေး)ကို အသက်သွေး၊ ချွေးရင်းပြီး ရယူခဲ့ကြပါတယ်။ လွတ်လပ်လို့ ကိုယ့်နိုင်ငံကိုယ် ပြန်လည် ထူထောင်ရမယ့်အချိန်(၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့)ကစပြီး ကိုလိုနီဝါဒီတွေရဲ့ သွေးခွဲသပ်လျှိုမှု၊ ဂိုဏ်းဂဏဝါဒစွဲ ပြင်းထန်မှုတွေကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုတွေ ဖြစ်ပေါ်လာခဲ့လေတော့ ပြည်သူတွေ နေ့စဉ် ဘုရားတနေခဲ့ကြရတာပါပဲ။

ပြည်ထောင်စု ပြိုကွဲလုနီးနီး၊ လွတ်လပ်ရေးပြန်လည် ဆုံးရှုံးလုနီးနီး၊ နိုင်ငံမှာသွေးချောင်းစီးလုနီးနီး ဖြစ်ခဲ့ကြရတဲ့ အခြေအနေကလည်း ၁၉၄၈–၄၉–၅၀ မှာတစ်ကြိမ်၊ ၁၉၅၈–၅၉–၆၀ မှာတစ်ကြိမ်၊ ၁၉၆၂ ခုနှစ် အစောပိုင်းမှာ တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်မှာတစ်ကြိမ် ကြုံရလို့ ပြည်သူနဲ့ တပ်မတော်လက်တွဲပြီး ပြည်ထောင်စုကြီးကို ကာကွယ်ခဲ့ကြရတာလည်း ကမ္ဘာအသိပါပဲ။

ဘာပြောပြော ၁၉၈၉ ခုနှစ်လောက်ကစပြီး ပြည်တွင်းငြိမ်းချမ်းရေး ရလာပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ဟာ ပြည်သူ့မျက်နှာကိုထောက်ပြီး ငြိမ်းချမ်းရေးရင်ခွင်ထဲ ပြန်ဝင်လာခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်ကနေ ယခု ၂၀၀၈ ခုနှစ်အထိ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းလာပုံမျိုး၊ ဖွံ့ဖြိုးတိုးတက်လာပုံမျိုး မြန်မာတွေ မကြုံဖူးခဲ့ပါဘူး။ ဒီကနေ့ နိုင်ငံတည်ငြိမ်အေးချမ်းလာပြီး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်လို့ နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ် (ဒီမိုကရေစီလမ်းပြမြေပုံလို့လည်း ခေါ်ပါတယ်)ချမှတ်ပြီး အကောင်အထည်ဖော်လာတာ စတုတ္ထလုပ်ငန်းစဉ်အထိ ခရီးပေါက်လာပါပြီ။

၁၉၉၂ ခုနှစ်မှာ တရားဝင်ရပ်တည်ဆဲ နိုင်ငံရေးပါတီ ၁၀ ခု (NLD အပါအဝင်)နဲ့ အခြေခံဥပဒေရေးဆွဲနိုင်အောင် အခြေခံမူတွေ ချမှတ်နိုင်မယ့် အမျိုးသားညီလာခံကြီးကျင်းပဖို့ ညှိနှိုင်းခဲ့ကြ၊ သဘောတူညီမှုတွေ ရခဲ့ကြပါတယ်။ အမှန်အတိုင်းပြောရရင် ၁၉၉၀ ပြည့်နှစ်မှာ စင်ပြိုင်အစိုးရဖွဲ့ဖို့ ဥပဒေမဲ့၊ စည်းလွတ်ဝါးလွတ်၊ ဘောင်လွတ်ကြိုးပမ်းခဲ့တဲ့ စိန်ဝင်းနဲ့ NLD အမတ်တစ်စုတို့ နယ်စပ်သောင်းကျန်းသူစခန်းကို ထွက်ပြေးပြီး စင်ပြိုင်အစိုးရဆိုကာ တရားမဝင်အဖွဲ့ ဖွဲ့ခဲ့ကြပါတယ်။

ဒါကြောင့် ဒေါ်စုကြည်ရဲ့ အစ်ကိုဝမ်းကွဲ ပြည်ပြေးစိန်ဝင်းနဲ့ အပေါင်းပါ NLD တွေကိုရော၊ ဥပဒေချိုးဖောက်ပြီး ဆူပူမှုဖန်တီးခဲ့တဲ့အတွက် ဦးတင်ဦးနဲ့ ဒေါ်စုကြည်ကိုရော NLD ဥက္ကဋ္ဌ ဦးအောင်ရွှေက NLD အဖွဲ့ချုပ်ဝင်အဖြစ်က ထုတ်ပစ်ခဲ့တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ကို ဦးအောင်ရွှေ လက်မှတ်ထိုးပြီး သူတို့ (စိန်ဝင်းတို့)ကို ရွေးချယ်ခံကိုယ်စားလှယ်အဖြစ်က ထုတ်ပယ်ကြေညာပေးဖို့ အကြောင်းကြားခဲ့ပါတယ်။

ဦးအောင်ရွှေ ခေါင်းဆောင်တဲ့ NLD အဖွဲ့ချုပ် ကိုယ်စားလှယ်ငါးဦးနဲ့ ရွေးချယ်ခံ NLD ကိုယ်စားလှယ်(အမတ်)တွေ တစ်ရာလောက်နီးနီးက ၁၉၉၃ ခုနှစ်ကစပြီး အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြပါတယ်။ ဒါဟာလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာ NLD က လက်ခံခဲ့တဲ့ သာဓကပါပဲ။

အခြေခံဥပဒေဆိုလို့ အားလုံးသိကြတဲ့အတိုင်း ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့က (လွတ်လပ်ရေးခါတော်မီ) ရေးကြီးသုတ်ပျာ ရေးဆွဲခဲ့ကြပါတယ်။ အဲဒီအချိန်ဟာ ဗြိတိသျှနယ်ချဲ့အစိုးရက အုပ်စိုးတုန်းပါပဲ။ ပဒေသရာဇ်စော်ဘွားအချို့က အကျပ်ကိုင်လို့ လွတ်လပ်ရေးရပြီး ၁၀ နှစ်ကြာရင် ပြည်ထောင်စုထဲက ခွဲထွက်ခွင့်မှုတွေ ပါသွားခဲ့တယ်။

ဒါ့ကြောင့်လည်း ၁၉၆၂ ခုနှစ် မတ်လဆန်းမှာ အမေရိကန်ဦးဆောင်တဲ့ ဆီးတိုး (SEATO) ခေါ် အရှေ့တောင်အာရှ စစ်အုပ်စု (ဥရောပမှ နေတိုးကဲ့သို့သော စစ်အုပ်စုမျိုး)ထဲဝင်ကြဖို့ ပြည်ထောင်စုက ခွဲထုတ်ကြမယ့် ဖက်ဒရယ်မူ လှုပ်ရှားမှုကြီးဟာ အာဏာရ ပထစအစိုးရ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆက်လက်ကျင့်သုံးလို့မရနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။

၁၉၇၄ ခုနှစ်မှာ ဆိုရှယ်လစ်စနစ်ကိုအခြေခံတဲ့ အခြေခံဥပဒေရေးဆွဲခဲ့ပြန်ပါတယ်။ လက်တွေ့မှာ အဲဒီ ဆိုရှယ်လစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျင့်သုံးရင်း အကြောင်းကြောင်းသော အကြောင်းတွေကြောင့် ပြည်သူမျှော်မှန်းတဲ့ စီးပွားရေးတိုးတက်မှုမရခဲ့ပါဘူး။ အဲ့ဒီ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက်ကာလမှာ အသည်းအသန် ကန့်ကွက်ဆန့်ကျင်ခဲ့ကြလို့ ဘေးဖယ်ခဲ့ကြရပြန်ပါတယ်။

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့မှာ အမျိုးသားညီလာခံကို ပြီးစီးအောင် ကျင်းပခဲ့တယ်။ မရှေးမနှောင်းမှာပဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး အတွက် ၅၄ ဦးပါ ကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့တယ်။ ပြည်နယ်၊ တိုင်းဒေသစုံက ဥပဒေပညာရှင်တွေ၊ ပညာရပ်ဆိုင်ရာ ပါရဂူတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံရင့်ကျက်သူတွေပါတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်ဟာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့ကစပြီး အမျိုးသား ညီလာခံက ချမှတ်ပေးခဲ့တဲ့ မူတွေကို အခြေခံပြီး အခြေခံဥပဒေရေးဆွဲခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့မှာ အခြေခံဥပဒေမူကြမ်းကို ကော်မရှင်စုံညီအစည်းအဝေးက အတည်ပြုပြီး ဖေဖော်ဝါရီလ ၂၀ရက်နေ့မှာ ကော်မရှင်အဖွဲ့ဝင်အားလုံး မော်ကွန်းတင် လက်မှတ်ရေးထိုးခဲ့တာ ပြည်သူတွေ မြင်ပါတယ်။

ပြည်ပအင်အားကြီးနိုင်ငံတစ်ခုရဲ့ လေယာဉ်တင်စစ်သင်္ဘောကြီး အပါအဝင် စစ်သင်္ဘောငါးစင်းနဲ့ မြန်မာ့ပင်လယ်ပြင်ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာတာတွေ့ရတော့ တပ်မတော်က နိုင်ငံတော်ရဲ့ အန္တရာယ်ကိုရိပ်စားမိပြီး နိုင်ငံ့တာဝန်ကို ရယူခဲ့ရပါတယ်။ မြန်မာအချင်းချင်း ခေါင်းဖြတ်သတ်၊ မီးရှို့ကြ၊ လုယက်ကြ၊ဖောက်ထွင်းကြ၊ အာဏာလုကြနဲ့ ပြည်ထောင်စုကြီး ရေတိမ်နစ်တော့မှာမို့ တပ်နဲ့ပြည်သူက ကာကွယ်စောင့်ရှောက်ခဲ့ရတယ်။

အတိတ်က ဗြိတိသျှတို့ လက်အောက်မှာ ဒရောသောပါး ဆွဲခဲ့ရတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ဆိုရှယ်လစ်စနစ်တစ်ခုတည်းကိုမဲတင်းပြီးရေးဆွဲခဲ့ရတဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ရဲ့ ပျော့ကွက်၊ ဟာကွက်၊ ချို့ယွင်းချက်တွေကို သင်ခန်းစာယူပြီး ခိုင်ခံ့ကောင်းမြတ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ရတာ အားလုံးသိတဲ့ အတိုင်းပါပဲ။

အမျိုးသားညီလာခံကျင်းပရာမှာ တရားဝင်ရပ်တည်နေတဲ့ ပါတီ ၁၀ ခု၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ပါတီစုံက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလိက ကိုယ်စားလှယ်တွေ၊ မြို့နယ်စုံကတက်လာတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုယ်စားလှယ်တွေ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်တွေ၊ ဌာနစုံက ဝန်ထမ်းကိုယ်စားလှယ်တွေ၊ ပညာရှင်ကြီးများနဲ့ ငြိမ်းချမ်းရေးအဖွဲ့များက ကိုယ်စားလှယ်တွေ တစ်ထောင်ကျော် တက်ရောက်ခဲ့ကြတယ်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွေမှာ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြကြတာတွေ၊ စုံညီသဘာပတိအဖွဲ့က စုစည်းတင်ပြချက်တွေ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ ရှင်းလင်းတင်ပြချက်တွေ၊ စုံညီအစည်းအဝေးရဲ့ သဘောတူညီချက်နဲ့ ချမှတ်ခဲ့တဲ့ အခန်းအလိုက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို ညဘက် ရုပ်မြင်သံကြားကလွှင့်ပေးပြီး သတင်းစာများမှာ ဖော်ပြပေးခဲ့ပါတယ်။

သတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ အမျိုးသားညီလာခံတင်ပြချက် ဆွေးနွေးချက်တွေ၊ ဖွဲ့စည်းပုံအခန်းအလိုက်အခြေခံမူတွေကို ပြည်သူအများလေ့လာသိရှိနိုင်ဖို့ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးစီးချိန်မှာ ရိုက်နှိပ်ပြီး ဈေးနှုန်း သက်သက်သာသာနဲ့ ဖြန့်ချိပေးခဲ့တယ်။ ဒါကို အမျိုးသားညီလာခံမှာ ဆွေးနွေးချမှတ်တာတွေဟာ ထင်သာ မြင်သာမရှိဘူး၊ Transparency မရှိဘူးလို့ ပြည်ပြေးပါးစပ်၊ နယ်ချဲ့မီဒီယာတွေနဲ့ ပြည်တွင်းက ပုဆိန်ရိုးတွေက မလိုတမာ ပြောသံတွေကြားရတော့ ရယ်စရာပြက်လုံးတစ်ခုလို့ပဲ ပြောလိုက်ချင်ပါတယ်။ မျက်စိမှိတ်၊ နားပိတ်ပြီးမှ ကုန်းအော်နေကြသူတွေ သတင်းစာမှာ ပြန်ရှာဖတ်ဖို့ ညွှန်လိုက်ပါမယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်မယ့် ခေါင်းစဉ် ၁၅ မျိုး သို့မဟုတ် ခေါင်းစဉ် ၁၅ ခုအတွက် အခြေခံမူတွေချမှတ်ခဲ့သမျှ သတင်းစာတွေမှာ အခုလိုဖော်ပြခဲ့ပါတယ်။

အခန်း (၁) နိုင်ငံတော်အခြေခံမူများ	၂၈-၈-၂၀၀၇
အခန်း (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ	၂၈-၈-၂၀၀၇
အခန်း (၃) နိုင်ငံတော်အကြီးအကဲ	၂၈-၈-၂၀၀၇
အခန်း (၄) ဥပဒေပြုရေး	၂၉-၈-၂၀၀၇
အခန်း (၅) အုပ်ချုပ်ရေး	၃၀-၈-၂၀၀၇
အခန်း (၆) တရားစီရင်ရေး	၁-၉-၂၀၀၇
အခန်း (၇) တပ်မတော်	၂-၉-၂၀၀၇
အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ	၂-၉-၂၀၀၇
အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်း	၂-၉-၂၀၀၇
အခန်း(၁၀) နိုင်ငံရေးပါတီများ	၂-၉-၂၀၀၇
အခန်း(၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ	၃-၉-၂၀၀၇
အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း	၃-၉-၂၀၀၇
အခန်း(၁၃) နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်	၃-၉-၂၀၀၇
အခန်း(၁၄) ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ	၃-၉-၂၀၀၇
အခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်များ	၃-၉-၂၀၀၇

ဒေါ်စုကြည်နဲ့ ဦးတင်ဦးတို့ကို သက်ဆိုင်ရာက ထိန်းသိမ်းလိုက်ရတဲ့ ကာလမှာ ဦးအောင်ရွှေနဲ့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းပွဲ တက်ရောက်ခဲ့၊ သဘောတူညီခဲ့တယ်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်နေ့မှာ စတင်ကျင်းပတဲ့ အမျိုးသားညီလာခံမှာလဲ NLD က ကိုယ်စားလှယ်တွေ (ဦးအောင်ရွှေ

စာမျက်နှာ ၁၁ ကော်လံ ၁

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်းပေါင်း ၉၀၀၀ အထိ ရှိလာနိုင်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၆

ကမ္ဘာ့လူဦးရေသည် လျင်မြန်စွာတိုးတက်လာနေကြောင်း၊ ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၉၀၀၀အထိ ရှိလာနိုင်ကြောင်း ကုလသမဂ္ဂ လူဦးရေနှင့် ဖွံ့ဖြိုးရေးကော်မရှင်က ခန့်မှန်းထားသည်။

ကမ္ဘာ့ ဒုတိယ လူဦးရေ အများဆုံး နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံမှ ပြည်သူအချို့ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

၂၀၀၀ပြည့်နှစ်က ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၀၀၀အထိရှိလာခဲ့သည်။ ၂၀၅၀ပြည့်နှစ်တွင်ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၉၀၀၀အထိရှိလာနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

လူဦးရေထူထပ်များပြားလာသော ဤကမ္ဘာသည် လူအများအပြားရှိလာသဖြင့် လူသန်းပေါင်းထက်ဝက်များပြားလာနိုင်သည်ဟုဆိုသည်။

ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံအချို့သည် လူဦးရေများပြားမှု စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ဒုတိယအများဆုံး

အိန္ဒိယနိုင်ငံသည် လောလောဆယ်တွင် ကမ္ဘာ့ဒုတိယလူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၁ဒသမ၁ ဘီလီယံ ရှိခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံက လူဦးရေ ၁ ဒသမ၂ ဘီလီယံ ရှိသည်။

ထိန်းချုပ်ထားနိုင်

သို့သော် တရုတ်နိုင်ငံ၏ လူဦးရေသည် တစ်မိသားစုလျှင် သားသမီးတစ်ဦးနှုန်း သတ်မှတ်ထားပြီဖြစ်၍ လူဦးရေကို ထိန်းချုပ်ထားနိုင်သည်ဟု ဆိုထားသည်။ ၂၀၅၀ ပြည့်နှစ်တွင် အိန္ဒိယလူဦးရေသည် သန်း ၁၆၀၀ အထိရှိလာနိုင်သည်ဟု ဆိုသည်။

(အင်တာနက်)

ငါးလောင်းပြိုင် လူသတ်မှု လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွား

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကွန်ဒိုမီနီယံတစ်ခု၌ သေနတ်ပစ်ခတ်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၁၄နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ဆေးရုံတင်လိုက်ရကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ပစ်ခတ်ခံရ

အဆိုပါ ယောကျ်ားလေးသည် ဖေဖော်ဝါရီ ၂၃ရက်က ဖုန်းနံပါတ် ၉၁၁သို့ ခေါ်ဆိုပြီး မကြာမီတွင် ၎င်းနှင့် ညီဖြစ်သူကို သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း ရဲတပ်ကြပ်ကြီး ပီတာရှိဒီကွက်ဇ်က ပြောကြားသည်။

တွေ့ရ

ရဲတပ်ဖွဲ့က အဆိုပါကွန်ဒိုမီနီယံသို့ ရောက်ရှိလာချိန်တွင် နေအိမ်အတွင်း လှေကားပေါ်တွင် အမျိုးသမီးတစ်ဦးနှင့် အသက်ငါးနှစ်၊ ရှစ်နှစ်နှင့် ကိုးနှစ်အရွယ် ကလေးသုံးဦး သေဆုံးနေသည်ကို တွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

ယင်း အလောင်းများ၏ အောက်တွင် လူတစ်ဦး သေနတ်တစ်လက်နှင့် သေဆုံးနေသည်ကို တွေ့ရကြောင်း ရဲတပ်ကြပ်ကြီးက ဆက်လက် ပြောကြားသည်။

ခံယူ

သေနတ်ဖြင့် အပစ်ခံရသော ယောကျ်ားလေးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း ရှိဒီကွက်ဇ်က ပြောကြားသည်။

ပစ်ခတ်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို မသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒုတိယမြောက်သဘာဝဓာတ်ငွေ့ သွယ်တန်းမှုစီမံကိန်း တရုတ် အနောက်ပိုင်းမှ အရှေ့ပိုင်းသို့သွယ်တန်းမည်

ပေကျင်း ဖေဖော်ဝါရီ ၂၆

တာ့ခ်မင်နစ္စတန်နိုင်ငံမှ တရုတ်နိုင်ငံ စင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ယန်စီမြစ်နှင့်ပုလဲမြစ်ရေလက်ကြားကို ဖြတ်သန်းလျက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည် ဖြစ်သည်။

ယင်းလုပ်ငန်းစီမံကိန်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ဖောက်လုပ်ရာ တရုတ်နိုင်ငံ အနောက်ပိုင်းမှ အရှေ့ပိုင်းသို့ သွယ်တန်းမည့် ဒုတိယမြောက် အဓိက ပိုက်လိုင်းဖြစ်ကြောင်း အဆိုပါ အဓိကပိုက်လိုင်း အရှည်မှာ ၉ဒသမ ၁၀၂ကီလိုမီတာ ရှည်လျားပြီး လိုင်းခွဲ ရှစ်လိုင်းဖြင့် ပို့လွှတ်မည်ဖြစ်ရာ နှစ်နိုင်ငံဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

၎င်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တစ်နှစ်လျှင် ကုဗမီတာ ဘီလီယံ၃၀ ထုတ်လွှတ်နိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်နှင့် အရှေ့ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ၁၂ခုတို့ကို ပေးပို့နိုင်မည် ဖြစ်ကြောင်း တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

အပြီးသတ်

တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ပိုက်လိုင်း စီမံကိန်းကို ၂၀၀၉ခုနှစ်အတွင်း အပြီး တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၁ ခုနှစ် ဇွန်လတွင် အရှေ့ပိုင်းရှိ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကို အပြီးသတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် အထွက်ဂိတ်၌ ခရီးသည်များ လုံခြုံရေး စစ်ဆေးခံနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာ၌ တိုက်ပွဲများဖြစ်ပွား

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၆

ဆိုမာလီယာနိုင်ငံတောင်ပိုင်း မြို့တစ်မြို့ကို ဖေဖော်ဝါရီ ၂၄ ရက်က ဆိုမာလီယာ စစ်သွေးကြွများက ထိန်းချုပ်ထားကြောင်း၊ ဆိုမာလီယာ တိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သူပုန်များသည် ဒုံးကျည်များ၊ စက်သေနတ်များဖြင့် သုံးနာရီကြာ တိုက်ခိုက်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူး၌ အစိုးရ တပ်ဖွဲ့ဝင်များနှင့် အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများသည် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

(အင်တာနက်)

တူရကီရဟတ်ယာဉ်တစ်စင်း ကာ့ဒ်သူပုန်များ ပစ်ချခဲ့

ဇာခု(အီရတ်) ဖေဖော်ဝါရီ ၂၆

တူရကီရဟတ်ယာဉ်တစ်စင်းကို အီရတ်မြောက်ပိုင်း၌ ဖေဖော်ဝါရီ၂၃ရက်က ပစ်ချနိုင်ခဲ့ကြောင်း ကာ့ဒ်သူပုန်များက ဖေဖော်ဝါရီ ၂၄ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါ ရဟတ်ယာဉ်ကို မိမိတို့ တိုက်ခိုက်ရေးသမားများက ပစ်ချခဲ့ကြောင်း ကာဒစ္စတန် အလုပ်သမားပါတီ(ပီကေကေ)က ဖုန်းဖြင့်ပြောကြားသည်။ ၎င်းလေယာဉ်ပစ်ချခဲ့မှု နှင့်ပတ်သက်ပြီး အပျက်အစီးစာရင်း ကိုမသိရသေးကြောင်း၊နောက်ဆက်တွဲ သတင်းများ ဆက်လက်ထုတ်ပြန်ပေးမည် ဖြစ်ကြောင်း ကာ့ဒ်နိုင်ငံခြားဆက်ဆံရေးအရာရှိ အာမတ်ဒါနီးစ်ကပြောကြားသည်။

သေဆုံး

ပီကေကေ တိုက်ခိုက်ရေးသမားများသည် တူရကီတပ်များ အီရတ်နိုင်ငံအတွင်းသို့ ဖေဖော်ဝါရီ ၂၁ရက် ညနေပိုင်းက ဝင်ရောက်လာခဲ့ပြီးနောက် တူရကီတပ်ဖွဲ့ဝင် ၂၂ဦး သေဆုံးခဲ့ကြောင်း ၎င်းကပြောကြားသည်။

သို့သော်လည်း ယင်းတိုက်ပွဲတွင် တူရကီတပ်ဖွဲ့ဝင် ခုနစ်ဦးသာ သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်မှထုတ်ပြန် သော ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ်အရှေ့ပိုင်း၌ နှင်းမုန်တိုင်းကျရောက်ပြီးနောက် ဓာတ်အားလိုင်းများ ပြုပြင်နေသည်ကို ဖေဖော်ဝါရီ ၂၅ရက်က ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

မနီလာ၌လေယာဉ်မတော်တဆဖြစ် ခရီးသည်များဒဏ်ရာရရှိ

မနီလာ ဖေဖော်ဝါရီ ၂၆

ဖိလစ်ပိုင်နိုင်ငံ မနီလာ လေဆိပ်၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက ခရီးသည်တင် လေယာဉ်တစ်စင်း ထိန်းချုပ်မှုလွတ်ထွက်သွားပြီး မတော်တဆမှု ဖြစ်ပွားခဲ့ရာ ခရီးသည် ၃၂ဦး ဒဏ်ရာအနည်းငယ်စီ ရရှိသွားကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သွားသည်။

ထုတ်လွှင့်

ဥရောပလုပ် လေယာဉ် ဒိုနီယာ ၃၂၈ သည် ဆီးအဲကုမ္ပဏီကပိုင်ဆိုင်ပြီး မြေပြင်သို့ ဆင်းသက်စဉ် ထိန်းချုပ်မှု လွတ်ထွက်သွားခဲ့၍ လယ်ကွင်းထဲသို့ ဆင်းသွားခဲ့ကြောင်း အဆိုပါသတင်း၌ ထုတ်လွှင့်သွားခဲ့သည်။

ပျံသန်းလာ

ယင်းလေယာဉ်သည် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းအပန်းဖြေစခန်းတစ်ခုမှ ပျံသန်းလာသော လေယာဉ်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

လွယ်လွယ်လေးပါ ....

အသက်ခုနစ်နှစ်အရွယ် သမီးငယ် ကျောင်းက ပြန်ရောက်ရောက်ချင်း မိခင်ဖြစ်သူအား ကျောင်း၌ကစားခဲ့ပုံကို ပြောပြလေသည်။

သမီးငယ်။ ။ မေမေ သမီးတို့ကျောင်းမှာ သူငယ်ချင်းနဲ့ ဆရာဝန်လုပ်တမ်း ကစားတယ်။

မိခင် ။ ။ အံမယ် တယ်ဟုတ်ပါလား၊ ဘယ်လိုကစားတာလဲ ပြောပါဦး။

သမီးငယ်။ ။ လွယ်လွယ်လေးပါ မေမေရယ်။

မိခင် ။ ။ အေးပါ... ပြောပါဦး။

သမီးငယ်။ ။ သမီးက သူငယ်ချင်းကိုခေါ်ပြီး ထိုင်စောင့်ခိုင်းထားတယ်။ ၄၅မိနစ်အချိန်ပြည့်တော့ ပိုက်ဆံတောင်းလိုက်တာပေါ့။

မိခင် ။ ။ “ဟေ”

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ထိုင်းနိုင်ငံ မဲခေါင်မြစ် အစိတ်အပိုင်းအတွင်းမှ ဖေဖော်ဝါရီ ၂၅ ရက်က တံငါသည်များ ဖမ်းဆီးရမိသော ငါးကြင်းတစ်ကောင်မှာ အလေးချိန် ၂၆၅ပေါင်ရှိရာ ဖမ်းမိသည့် ငါးကြင်းများ၌ အလေးချိန်အများဆုံး ငါးကြင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အမာရီလိုမြို့တွင် ကြောင်မကြီးတစ်ကောင်မှ ဖေဖော်ဝါရီ ၂၃ရက်က မွေးဖွားခဲ့သော မျက်နှာနှစ်ခုပါရှိသည့် ကြောင်လေးတစ်ကောင်ကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းစစ်သွေးကြွခေါင်းဆောင်အား အစ္စရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့

ရာမာလက်ချ် ဖေဖော်ဝါရီ ၂၆

ဂါဇာကမ်းမြောင်ဒေသ အနောက်ဘက်ကမ်းမြို့၌ ဖေဖော်ဝါရီ ၂၃ ရက်က အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း စစ်သွေးကြွခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့များစွာတို့သည် အနောက်ဘက်ကမ်းရှိ နက်ဘ်လပ်စ်မြို့မှ အယ်လ်အင်ဒုက္ခသည်စခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်း လွတ်မြောက်ရေးတပ်ဦးမှ ထိပ်တန်းလက်နက်ကိုင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် မက်ဂျ်ဒီမာဘာရောက်ခ်ကို ဖမ်းဆီးခဲ့ကြောင်း၊ မာဘာရောက်ခ်သည် အစ္စရေးတို့က အချိန်ကြာမြင့်စွာ အလိုရှိနေသူဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

အဆိုပါဖြစ်ရပ်တွင် ပြန်လည်ခုခံခဲ့သဖြင့် လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့ရပြီး မာဘာရောက်ခ်၏ညီမ အပါအဝင် သုံးဦးဒဏ်ရာရခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

တိရစ္ဆာန်အနား ကလေးငယ်အား ထားခဲ့ပါလျှင် ....

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ ဖေဖော်ဝါရီ၂၅ရက်က ၁၀နှစ်အရွယ် ကလေးငယ်တစ်ဦး ခြင်္သေ့တစ်ကောင်၏ အကိုက်ခံခဲ့ရကြောင်း အန်ဟွေးပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အန်ဟွေးပြည်နယ် မန်ချန်မြို့ရှိ ဝမ်ဖိုတာပန်းခြံအတွင်း ပြသဖျော်ဖြေသည့် ဆပ်ကပ်ပွဲတစ်ခု၌ ခြင်္သေ့လှောင်အိမ်အနီးကပ်ပြီး ကြည့်နေသော ကလေးငယ်၏ လက်မောင်းအား ခြင်္သေ့က လှမ်းပြီးကိုက်ခဲ့ရာ ကလေးငယ်လက်မောင်း ပြတ်လုပြတ်ခင်အထိ ဖြစ်ခဲ့သဖြင့် ဆေးရုံသို့ အမြန်တင်ပို့ ကုသခဲ့ရသည်။

ထို့ကြောင့် မိဘများအနေဖြင့် ကလေးငယ်များအား အန္တရာယ်ပြုနိုင်သော တိရစ္ဆာန်များအနီး သတိလက်လွတ် မထားမိကြစေရန် ဤဖြစ်ရပ်က သင်ခန်းစာပေးနေပါကြောင်း....။

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကာလဝိပါက် နောက်ပိုးတက်လေသောအခါ

လာဟန်ဘရာမြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင်ရှိပြီး လူဦးရေငါးသိန်းကျော်နေထိုင်သည့်မြို့ဖြစ်ကာ အတန်အသင့်စည်ကားသည်။ ဝီလျံမီလာဆိုသူ အမျိုးသားသည် ယင်းမြို့ဇာတိဖြစ်သည်။

ဖြည့်ဆည်းမပေးနိုင်

ဝီလျံသည် ငယ်စဉ်ကတည်းကပင် ရိုးသားကြိုးစားသူတစ်ဦးဖြစ်သည်။ သူ၏မိဘများမှာ အလယ်အလတ် လူတန်းစားများ ဖြစ်သည်။ ထို့ကြောင့် သူ၏ဘဝတွင် လိုချင်သည့် အရာမှန်သမျှကို အလွယ်တကူမရဘဲ ကြိုးစားရန်းကန်ခဲ့ရသည်။ သူ့ကို ၁၉၂၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဝီလျံသည် ငယ်စဉ်ကတည်းက မိဘအပေါ်တွင် နားလည်မှုရှိကာ လိမ္မာရေးခြားရှိသော သားလိမ္မာတစ်ဦးဖြစ်သည်။ မိဘများက သူ၏ဆန္ဒမှန်သမျှကို မဖြည့်ဆည်းပေးနိုင်သော်လည်း သားလိမ္မာပီပီ မိဘများအပေါ် ဇွတ်ပူဆာခြင်း မရှိခဲ့ပေ။

ဘဝပေးအသိ

မိဘများအပေါ်တွင် နားလည်မှုရှိသကဲ့သို့ မပြည့်စုံသော ဘဝပေးအသိအရ ပညာရေးတွင် ကြိုးစားရမည်ဟု ခံယူချက်ထားသူ ဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစား သင်ယူခဲ့သည်။ ၁၉၃၆ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ၁၉၄၀ပြည့်နှစ်တွင် တက္ကသိုလ်မှ စာရင်းအင်းပညာဖြင့် ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရပြီးနောက် လေးနှစ်တာမျှ အလုပ်သင် စာရင်းကိုင်အဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်သင်ယူ လေ့လာခဲ့သည်။

ဝီလျံမီလာ။

အောက်ခြေမှစတင်

၁၉၄၄ခုနှစ် သူ့အသက် ၂၄နှစ်အရွယ်တွင်မူ ချီဗရွန်ကော်ပိုရေးရှင်းတွင် စာရင်းကိုင်ကျွမ်းကျင်အဆင့်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ သူအလုပ်မှ အနားယူသည်အထိ ယင်းကုမ္ပဏီ၌ပင် လုပ်ကိုင်ခဲ့သည်။ ဝီလျံသည် ငယ်စဉ်ကတည်းက ဘဝတွင် အောက်ခြေမှစတင်ရန်းကန်လာခဲ့ရသူပီပီ အောက်သက်ကျေသူဖြစ်သည်။ သူသည် အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး ငွေကြေးကို ချွေတာစုဆောင်းကာ ပလွှားဝါကြွားခြင်း မရှိပေ။ သူ၏ရိုးသားပြီး ကြိုးစားမှုကြောင့်ပင် ရာထူးအဆင့်ဆင့်တက်ကာ စာရင်းကိုင်ချုပ် ရာထူးအထိ အဆင့်တက်ခဲ့သည်။

ဝီလျံသည် ချီဗရွန်ကုမ္ပဏီ၌ အလုပ်ဝင်ပြီး ၁၀နှစ်အကြာ အသက် ၃၄ နှစ်အရွယ်တွင်အိမ်ထောင်ပြုခဲ့သည်။ သူတို့နှစ်ဦးတွင်သားသမီးမထွန်းကားခဲ့ပေ။ ဇနီးဖြစ်သူမှာ အေးဆေးသူတစ်ယောက်ဖြစ်ပြီး သူ့အပေါ်တွင် တာဝန်ကျေပွန်သကဲ့သို့ သူ၏အလိုကျ နေထိုင်သော ပါရမီဖြည့်ဖက်တစ်ဦး ဖြစ်သည်။

ဝီလျံသည် အိမ်ထောင်မပြုမီကပင် ငွေကြေးကိုစုဆောင်းခဲ့ရာ အိမ်ထောင်ကျပြီးနောက်ပိုင်းတွင်လည်း ငွေကြေးချွေတာစုဆောင်းမှုကို အမြဲမပြတ် ဆက်လက်စုဆောင်းခဲ့သည်။အိမ်ထောင်ပြုပြီးနောက် ဝီလျံ၏ ရည်ရွယ်ချက်တစ်ခု ထပ်တိုးလာသည်။ ယင်းမှာ သူ၏ဇနီးနှင့်အတူ အီတလီ နိုင်ငံသို့ သွားရောက် လည်ပတ်ရေးပင် ဖြစ်သည်။ ထိုရည်မှန်းချက်အောင်မြင်ရန် အတွက် ငွေကြေးကို အထူးကြိုးစား စုဆောင်းခဲ့သည်။ သူနေထိုင်သည့် အိမ်ကိုပင်အသင့်အတင့်မျှသာ ဆောက်လုပ်ကာ သူတို့ ဇနီးမောင်နှံနှစ်ဦး အီတလီနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်ရေးအတွက် ရိုးရိုးကုပ်ကုပ် နေထိုင်ကာ ငွေကြေးကိုပင် အဓိကထား စုဆောင်းနေခဲ့လေသည်။

ငွေကြေးစုဆောင်း

သူတို့ ဇနီးမောင်နှံ၏ ရိုးရိုးကုပ်ကုပ်ဖြင့် သိုသိပ်ကျစ်လျစ်စွာနေထိုင်တတ်မှုတို့ကြောင့် ပတ်ဝန်းကျင်ကပင် သူတို့၏ ငွေကြေးစုဆောင်းနိုင်မှုကို မသိရှိခဲ့ကြပေ။ ဝီလျံသည် ချီဗရွန်ကုမ္ပဏီ၌ သူ့အသက် ၆၀ ပြည့်သည့် ၁၉၈၀ပြည့်နှစ်အထိ ၃၆နှစ်ကြာ လုပ်ကိုင်ပြီး အနားယူခဲ့လေသည်။ ထိုသို့လုပ်ကိုင်စဉ်အတွင်း ငွေကြေးအတော်အတန်စုဆောင်းမိသဖြင့် သူ၏ အီတလီနိုင်ငံသို့ သွားလည်ရေးမှာ အကောင်အထည်ပေါ်လုနီးပါး ဖြစ်ခဲ့သည်။

ဝီလျံသည် ချီဗရွန်ကုမ္ပဏီ၌ အလုပ်လုပ်စဉ် ၃၆နှစ်တာ ကာလအတွင်း၌ ဒင်နီယယ် ဒဗလျူအိတ်ချ်ဟိသ်နှင့် အပေါင်းပါများ ကုမ္ပဏီတွင် ဒေါ်လာ ၄၅၀၀၀၀ အထိ ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်။ သူသည် ယင်းကုမ္ပဏီတွင် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည်ဖြစ်၍ အကြွင်းမဲ့ယုံကြည်ခဲ့လေသည်။ သူအလုပ်မှ အနားယူပြီး ၁၉၉၀ပြည့် နှစ်စပိုင်းအထိ ယင်းကုမ္ပဏီတွင် ငွေကြေးဆက်လက် ရင်းနှီးမြှုပ်နှံမှုပြုခဲ့သောကြောင့်လည်း ယင်းကဲ့သို့ စုမိခြင်းဖြစ်သည်။

ကံကြမ္မာဆိုး

တစ်နေ့တွင် ဝီလျံ၏ ကာလကြာရှည်စွာ မက်ခဲ့သော အိပ်မက်ရှည်ကြီးကို ကံကြမ္မာဆိုးက မညှာမတာ ရက်စက်စွာ ရိုက်ချိုးဖျက်ဆီးခဲ့ပြီး သူတို့ဇနီးမောင်နှံ၏ သိုသိပ်စွာ နေထိုင်ပြီး ငွေကြေးစုဆောင်းနိုင်မှုကို ပတ်ဝန်းကျင်က သိရှိသွားခဲ့လေသည်။ ထိုတစ်နေ့မှာကား ၁၉၉၀ပြည့်နှစ် နိဝင်ဘာလ၏ နေ့တစ်နေ့ဖြစ်သည်။ ဝီလျံသည် ငွေကြေးစုဆောင်း ရင်းနှီးမြှုပ်နှံခဲ့ရာ ဒင်နီယယ် ဒဗလျူအိတ်ချ်ဟိသ်နှင့် အပေါင်းပါများ ကုမ္ပဏီသည် ရိုးသားသော ပြည်သူများထံမှ ငွေကြေးလိမ်လည် ရယူနေသည်ကို သိခဲ့ရသောကြောင့် ဖြစ်သည်။

ယူကျုံးမရဖြစ်

ယင်းကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သည့် အသက် ၅၁နှစ်အရွယ်ရှိ ဒင်နီယယ် ဒဗလျူအိတ်ချ်ဟိသ်၊ ၎င်းအားကူညီလုပ်ကိုင်ပေးသူ ၎င်း၏အဖေ အသက် ၈၁နှစ်ရှိ ဂျွန်ဟိသ်နှင့် ၎င်းတို့၏ စီးပွားဖက် အပေါင်းပါများဖြစ်သည့် အသက် ၅၃နှစ်အရွယ်ရှိ ဒင်းနစ်အိုဘာရိုင်ယန် လာရီ ဆက်ချ်လာမန်တို့သည် အမေရိကန် ပြည်နယ်၂၅ခုရှိ ငွေကြေးရှယ်ယာရှင်ပေါင်း ၁၈၀၀ထံမှ ဒေါ်လာသန်းပေါင်း ၁၉၀ကို လိမ်လည်ရယူခဲ့သည်။ ထိုအထဲတွင် အီတလီနိုင်ငံသို့ ဇနီးမောင်နှံ အလည်အပတ်သွားရန် အကောင်အထည်ဖော်ကြိုးစားနေသည့် ဝီလျံ၏ ကျားကုတ်ကျားခဲ စုဆောင်းထားသော ဒေါ်လာ ၄၅၀၀၀၀ အဆစ်ပါသွားမှုက အဆိုးရွားဆုံးဖြစ်သည်။ ဝီလျံ၏အိပ်မက်မှာ အကောင်အထည်ဖော်ခွင့် မရခဲ့သကဲ့သို့ ဇနီးသည်မှာလည်း ၂၀၀၀ပြည့်နှစ်တွင် ကွယ်လွန်သွားခဲ့ပေပြီ။ ယခုလက်ရှိအချိန်တွင် ဝီလျံကိုယ်တိုင်မှာလည်း အကြောအားနည်း၍ ခြေ၊ လက်တုန်သော ပါကင်ဆန်ရောဂါကို ခံစားနေရသကဲ့သို့ ယင်းဖြစ်ရပ်အတွက် တွေးမိတိုင်း ယူကျုံးမရ ဖြစ်နေခဲ့ရသည်။

လိမ်လည်မှုကျူးလွန်

ယခုအခါကုမ္ပဏီဖွင့်ကာ ဒေါ်လာသန်း ၁၉၀ကို လိမ်လည်မှုကျူးလွန်ခဲ့သည့် ဒင်နီယယ်ဒဗလျူအိတ်ချ်ဟိသ်မှာ စွဲချက်ပေါင်း ၄၀၀ ကျော်ဖြင့် ထောင်ဒဏ် နှစ် ၁၀၀ ကျခံရဖွယ်ရှိသည်။ ၎င်းအားကူညီသူ ဖခင် ဂျွန်ဟိသ်နှင့် ဒင်းနစ်အိုဘာရိုင်ယန်တို့မှာ ထောင်ဒဏ် နှစ်၃၀ ကျခံရဖွယ်ရှိပြီး လာရီဆက်ချ် လာမန်သည် ထောင်ဒဏ်၁၅ နှစ်ကျခံရဖွယ်ရှိသည်။

ယခုဖြစ်ရပ်တွင် ယုံကြည်မှု လွန်ကဲခဲ့သော ဝီလျံအပါအဝင် လူပေါင်း ၁၈၀၀တို့၏ အဖြစ်ကို သတိမူသင့်သကဲ့သို့ မကောင်းမှုကို ကျူးလွန်ခဲ့သူသည် တန်ရာတန်ကြေး ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း လိမ်လည်မှုကြီးကို ကျူးလွန်ခဲ့သော ဒင်နီယယ် ဒဗလျူအိတ်ချ်ဟိသ်၏ ကာလဝိပါက်နောက်ပိုးတက်သော အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးပွဲသည်

ယုံကြည်မှု လွန်ကဲခဲ့သော ဝီလျံအပါအဝင် လူပေါင်း ၁၈၀၀တို့၏ အဖြစ်ကို သတိမူသင့်သကဲ့သို့ မကောင်းမှုကို ကျူးလွန်ခဲ့သူသည် တန်ရာတန်ကြေး ပြန်လည်ပေးဆပ်ရမည်ဖြစ်။

တစ်သီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲဝင်မည့် မစ္စတာနာဒါ ဘာပြောလို့ပြောမှန်းမသိသူအဖြစ် အိုဘားမား ဝေဖန်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

ရောဖ်နာဒါက အမေရိကန်ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် လောင်းတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်ကြောင်း ရုပ်မြင်သံကြား အစီအစဉ်မှ ဖေဖော်ဝါရီ ၂၄ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဝင်ရောက်ယှဉ်ပြိုင်

ရောဖ်နာဒါသည် ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလက အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သေးသည်။ ထို့ပြင် မအောင်မြင်ဘဲ ၂၀၀၄ခုနှစ် ရွေးကောက်ပွဲ၌ ထပ်မံဝင်ရောက်ယှဉ်ပြိုင်သည်။

တွက်ဆ

၂၀၀၀ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ဂရင်းပါတီကိုယ်စားလှယ်အဖြစ် ဝင်ရောက်သည့် မစ္စတာနာဒါအား အမေရိကန် မဲဆန္ဒရှင်ပြည်သူ သုံးသန်း နီးပါးက မဲပေးခဲ့ကြသည်။ အမှန်မှာ ထိုမဲများသည် ထိုစဉ်က ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အယ်လ်ဂိုး ရရှိရမည့် မဲများဖြစ်သည်ဟု ဒီမိုကရက်များက တွက်ဆကြသည်။

စည်းရုံး

ယခုလည်း ဒီမိုကရက်တစ်ပါတီနှင့် ရီပတ်ဘလီကင်ပါတီကိုယ်စားပြု ယှဉ်ပြိုင်နိုင်ရေးအတွက် အကြိုရွေးကောက်ပွဲများတွင် ပါတီညီလာခံကိုယ်စားလှယ် ပိုရရှိရေးအတွက် ကွင်းဆင်းစည်းရုံးလျက်ရှိသည်။

ဝေဖန်

ဤအခြေအနေတွင် မစ္စတာနာဒါက သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ဦးမည်ဟု ကြေညာလိုက်သည့်အတွက် ချက်ချင်းဝင်လာပြန်ပြီဟု သဘောရသည့်အားလျော်စွာ ဟီလာရီနှင့်အိုဘားမားတို့နှစ်ဦးစလုံးက ဝေဖန်လိုက်ကြသည်။ ဟီလာရီကလင်တန်က မစ္စတာနာဒါအား ပေါ်ပင်လုပ်တတ်သူအဖြစ် ဝေဖန်ပြောကြားလိုက်သည်။

ထင်မြင်ခဲ့

အိုဘားမား**(ဝဲပုံ)**ကမူ မစ္စတာနာဒါအနေဖြင့် အယ်လ်ဂိုးနှင့် ဂျော့ဘုရှ်တို့ တစ်ဦးနှင့် တစ်ဦး မကွာဘဲ အတူတူသာဖြစ်ကြောင်း ထင်မြင်ခဲ့သည်။ နောင် ရှစ်နှစ် ကြာသည့်အခါ မစ္စတာနာဒါဆိုသူသည် ဘာပြောလို့ပြောမှန်း မသိသူအဖြစ် ပြည်သူတို့က သဘောပေါက်လာမည်ဟု မိမိယူဆကြောင်း ဝေဖန်ပြောကြားလိုက်သည်။ **(အင်တာနက်)**

နိုင်ငံရေးအငြင်းပွားမှု ကြားဝင်မည်မဟုတ် ဆန္ဒပြရာ၌ မပါဝင်ရန် ဖိလစ်ပိုင်အစိုးရသတိပေး

မနီလာ ဖေဖော်ဝါရီ ၂၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အစိုးရ ဆန့်ကျင်ရေးဆန္ဒပြမှုတစ်ရပ်ပြုလုပ်ရန် စီစဉ်နေသည့်အတွက် ဖိလစ်ပိုင်အစိုးရ တပ်ဖွဲ့ဝင်များအား ပါဝင်ဆန္ဒပြခြင်း မပြုလုပ်ရန် ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတိပေးလိုက်သည်။

သတိပေး

ဖိလစ်ပိုင်စစ်တပ်က အတိုက်အခံပါတီများ အစိုးရအားဆန့်ကျင်ဆန္ဒပြရာတွင် ပါဝင်ခြင်းမပြုရန် ဖိလစ်ပိုင်စစ်ဘက်အကြီးအကဲ ဟာနိုဂျီးနက်စ် အီစပါရွန်က သတိပေးလိုက်သည်။

ဆန္ဒပြသူများသည် ဖိလစ်ပိုင် သမ္မတ ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုအား လာဘ်စားမှုဖြင့် စွပ်စွဲကာ နုတ်ထွက်ပေးရန် တောင်းဆိုမည်ဟု ဆိုသည်။

တားမြစ်ကြေညာ

ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့ဝင်များသည် အဆိုပါ တားမြစ်ကြေညာချက်ကို ပယ်ဖျက်ထွက်ခွာသွားကြောင်း၊ အစိုးရတပ်ဖွဲ့အနေဖြင့် နိုင်ငံအတွင်း နိုင်ငံရေး အငြင်းပွားနေမှုများကို ကြားဝင်လိမ့်မည်မဟုတ်ကြောင်း အီစပါရွန်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန် နျူအစီအစဉ် အောင်နိုင်ရေး သမ္မတ မာမွတ်အာမက်ဒီနီဂျက် ထုတ်ဖော်

တီဟီရန် ဖေဖော်ဝါရီ ၂၆

အီရန် နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂနျူကလီးယား စောင့်ကြည့်လေ့လာရေး အစီအစဉ်က အနောက်အုပ်စုအပေါ် အောင်နိုင်ခဲ့ကြောင်း အီရန် သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဖေဖော်ဝါရီ ၂၃ရက်တွင် ပြောကြားလိုက်သည်။

အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပို၍အမြင် ရှင်းလင်းကြောင်း၊ သို့သော်လည်း သံသယရှိမှု အားလုံးအတွက် လုံလောက်မှု မရှိသေးကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ဖေဖော်ဝါရီ ၂၂ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ထုတ်ပြန်

အဆိုပါ အစီရင်ခံစာအရ အီရန်နိုင်ငံသည် အနောက်အုပ်စုက နျူကလီးယားဗုံးလုပ်ရန် ကြိုးစားနေသည်ဆိုသော အချက်ကို ရင်ဆိုင်နိုင် ပြီဖြစ်ကြောင်း အိုင်အေအီးအေ၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

ပြောကြား

ယင်းအစီရင်ခံစာသည် အီရန်နိုင်ငံအပေါ် ပို၍အရေးယူမှုများ ပြုလုပ်နိုင်ရန် သတင်းကောင်းပင်ဖြစ်ကြောင်း၊ သတင်းတွင် ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သိပ်သည်းစွာကျဆင်း

ပြင်သစ်နိုင်ငံ မြောက်ပိုင်း ကာလာရစ်မြို့၌ ဖေဖော်ဝါရီ ၂၆ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေမှုကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းပြည်သူများစွာ ဂါဇာတွင် အစ္စရေးဆန့်ကျင်ရေးဆန္ဒပြ

ဂါဇာ ဖေဖော်ဝါရီ ၂၆

ထောင်ပေါင်းများစွာသော ပါလက်စတိုင်းလူမျိုးများသည် အစ္စရေးတို့က ယင်းတို့၏ ပိုင်နက် ရေမြေကို ပိတ်ဆို့ထားခဲ့သဖြင့် လူသား အကာအကွယ်အဖြစ် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြကြောင်း ဖေဖော်ဝါရီ ၂၅ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အကာအကွယ်

အဆိုပါ လူသားအကာအကွယ် တံတိုင်းသဖွယ်ဆန္ဒပြမှုသည် ရာဖာမြို့မှ ဘိခ်ဟာနိုင်မြို့အထိ ခရီး၂၅မိုင် အကွာအဝေးကို လူပေါင်း ၅၀၀၀၀က လူသား တံတိုင်းအဖြစ် အကာအကွယ်ပြုလုပ်ထားသည်ဟု ဆိုသည်။

ပါလက်စတိုင်းလူငယ် အဖွဲ့တစ်ဖွဲ့သည် အစ္စရေးနယ်စပ်မျဉ်းကို ချဉ်းကပ်ကာ ကျောက်ခဲများဖြင့် စတင်ပစ်ပေါက်ခဲ့ပြီးနောက် လူပေါင်း ၅၀ခန့် ဖမ်းဆီးထားသည်။ သို့သော် စွပ်စွဲချက်ကို အစ္စရေးတို့က ငြင်းဆိုလိုက်သည်။

အစ္စရေးတို့သည် ဇွန်လက ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်တို့ကို ထိန်းချုပ်ထားပြီးနောက် ပိတ်ဆို့တားမြစ်မှုများ တင်းကျပ်ထားသည်။

ဆန္ဒပြ

ထောင်ပေါင်းများစွာသော ဂါဇာကမ်းမြောင်ဒေသမှ အမျိုးသမီးများနှင့် ကလေးများသည် ဖေဖော်ဝါရီ ၂၅ရက်က ငြိမ်းချမ်းရေး ဆန္ဒပြမှုများ **(အောက်ပုံ)** ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ **(အင်တာနက်)**

အာဖဂန် အရှေ့ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှု ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောဆိုသည်။

ခို့စ်ပြည်နယ် ဆာဘရီ ခရိုင်၌ အဆိုပါမော်တော်ယာဉ်ကို အဝေးထိန်း ကိရိယာဖြင့် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး သေဆုံးသူများတွင် ရဲအရာရှိတစ်ဦးနှင့် ၎င်း၏ သားနှစ်ဦး၊ တူနှစ်ဦး ပါဝင်သည်။ ၎င်းတို့အားလုံး တပ်ဖွဲ့ဝင်များ ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ နှစ်နှစ်အတွင်း တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက် တိုက်ခိုက်မှုများ ပြင်းထန်လာကာ ၂၀၀၇ခုနှစ် တစ်နှစ်အတွင်း၌ပင် သေဆုံးသူ ၃၀၀၀ကျော် ရှိခဲ့သည်။ **(အင်တာနက်)**

ကင်ညာသမ္မတနှင့် အတိုက်အခံခေါင်းဆောင် သဘောထားကွဲလွဲနေဆဲ နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုကြောင့် လူ ၁၅၀၀ ခန့် သေဆုံးခဲ့ဟုဆို

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၆

ကင်ညာနိုင်ငံ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်၏ ကြားဝင်စေ့စပ်ဖျန်ဖြေပေးမှုဖြင့် နိုင်ငံရေးအကျပ်အတည်း အဆုံးသတ်ရန် ဆွေးနွေးပွဲများ ပြုလုပ်နေဆဲ ဖြစ်သည်။

သဘောထားကွဲ

ကင်ညာအတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါနှင့် သမ္မတ ကီဘာကီ တို့သည် ဝန်ကြီးချုပ်သစ် ရွေးချယ်ပြီး အာဏာခွဲဝေအုပ်ချုပ်ရေး ကိစ္စနှင့် ပတ်သက်၍ သဘောထားကွဲလွဲနေသည်။

ရွေးကောက်ပွဲပြီးနောက် ကင်ညာနိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှု များကြောင့် အနည်းဆုံးလူပေါင်း ၁၅၀၀ခန့် သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခြိမ်းခြောက်

ဒီဇင်ဘာ ၂၇ရက် သမ္မတရွေးကောက်ပွဲ ရလဒ်အပေါ် အငြင်းပွားခဲ့၍ အကြမ်းဖက်မှုများ ဖြစ်ပွားသဖြင့် လူပေါင်း ၃၀၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာ ထွက်ပြေးကြရသည်ဟု ဆိုသည်။ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်မရခဲ့လျှင် ဖေဖော်ဝါရီ ၂၈ရက်တွင် အကြမ်းဖက်ဆန္ဒပြမှုများ ပြန်လည် ပြုလုပ်သွားမည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင်က ခြိမ်းခြောက်လိုက်သည်။ **(အင်တာနက်)**



ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၆-၂-၂၀၀၈

ယူအေအီး၌ ရေနံချက်စက်ရုံသစ် တည်ဆောက်မည်

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)၌ ရေနံချက်စက်ရုံ သစ်ကြီးတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တည်ဆောက်မည့် အဆိုပါရေနံချက်စက်ရုံသစ်ကြီးသည် တစ်နေ့လျှင် ရေနံစည် ၄၁၇၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၁၃ခုနှစ်၌ အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ဂါဇာကမ်းမြောင်သို့ အစ္စရေးတို့ ဒုံးကျည်ဖြင့်ပစ်ခတ်

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းလေးဦး သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ဂါဇာမြို့အရှေ့ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်သည့်အပြင် အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်း နေအိမ်အချို့လည်းပျက်စီးခဲ့ရသည်။

စင်ကာပူ-ဗီယက်နမ် ပူးပေါင်းမှုမြှင့်တင်

စင်ကာပူနှင့် ဗီယက်နမ်နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတိုးမြှင့်ပြီး ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် သဘောတူညီလိုက်ကြသည်။

နှစ်နိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းတို့အပါအဝင် နယ်ပယ်စုံ၌ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ပါကစ္စတန်သံအမတ်အား ရှာဖွေနေ

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်၌ ဖေဖော်ဝါရီ၁၁ရက်က ကဘူးလ်မြို့သို့ လာရောက်စဉ် ပျောက်ဆုံးသွားခဲ့သော အာဖဂန်နစ္စတန်ဆိုင်ရာ ပါကစ္စတန် သံအမတ် တာရစ်အဇီဇူဒင်မှာ ယခုအချိန်အထိ ပျောက်ဆုံးလျက်ရှိနေကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

သို့သော် အဇီဇူဒင်မှာ အသက်ရှင်လျက်ရှိဆဲဖြစ်ကြောင်း မိမိတို့ယုံကြည်နေပြီး ရှာဖွေမှုများ အရှိန်မြှင့်ပြုလုပ်နေကြောင်း ၎င်းတို့ကပြောကြားသည်။

ကမ္ဘာ့ရွှေဈေးကွက်၌ ဈေးနှုန်းအနည်းငယ်တက်

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ သို့သော်လည်း ကမ္ဘာ့ရွှေအရောင်းအဝယ်မှာ ပုံမှန်ဖြစ်ထွန်းလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဟောင်ကောင်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၀ဒသမ၉၅ဒေါ်လာ မြင့်တက်ခဲ့သည်။

အိုမန်၌ လေယာဉ်မှူးသင်တန်းဖွင့်မည်

အိုမန်နိုင်ငံ၌ လေယာဉ်မှူးများ လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုကို ယခုနှစ်ကုန်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အိုမန်အရာရှိများက ပြောကြားသည်။

အဆိုပါသင်တန်းကျောင်းသည် လေယာဉ်မှူး၁၄၄ဦးကို လေယာဉ်၃၇စင်းဖြင့် လေ့ကျင့်ပေးမည်ဖြစ်သည်။

တရုတ်အနောက်တောင်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုင်ကျိုပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တွေ့ရှိရကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု သံသယရှိသော ကြက်များအား စစ်ဆေးခဲ့ရာမှ ရောဂါ ဖြစ်ပွားမှုရှိနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ကိုင်ကျိုပြည်နယ်၌ ကြက်ကောင်ရေ ၃၉၉၃ကောင်အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဘဝဒဿန အမြင်

■ **He that never climbed never fell.**

ဘယ်တုန်းကမှ မတက်ခဲ့ဖူးသူဟာ ဘယ်တုန်းကမှလည်း မကျခဲ့ဖူးပါဘူး။

အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

■ **The bait hides the hook.**

ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်။

စစ်စီရို (အီတလီစာရေးဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

◆ တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဒါယီမြို့တွင် ဖေဖော်ဝါရီ၂၅ရက်က ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့သဖြင့် နေရာအနှံ့ဆီးနှင်းများ ဖုံးလွှမ်းခဲ့ပြီး မော်တော်ယာဉ်များသွားလာမှု ပြတ်တောက်သွားခဲ့သည်။ **(အောက်ပုံ)**

✧ **အိန္ဒိယနိုင်ငံ စီရီနာဂါမြို့တွင် ဖေဖော်ဝါရီ၂၅ရက်က လူနေအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆောက်အအုံအစိတ်အပိုင်းအများအပြား ပျက်စီးခဲ့သည်။**

◆ ဂျော်ဒန်နိုင်ငံ အမ္မာန်မြို့၌ ဖေဖော်ဝါရီ ၂၅ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။

✧ **ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ဖေဖော်ဝါရီ ၂၅ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပြိုလဲပြီး လေးဦးသေဆုံးကာ သုံးဦးပျောက်ဆုံးလျက်ရှိသည်။**

◆ ဘရာဇီးနိုင်ငံ အမေဇုံမြစ်အတွင်း ဖေဖော်ဝါရီ ၂၅ရက်က ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။

✧ **ပီရူးနိုင်ငံ အနောက်မြောက်ပိုင်း ပီရူယာမြို့၌ ဖေဖော်ဝါရီ ၂၅ရက်က သုံးထပ်လူနေ အဆောက်အအုံတစ်ခု မီးလောင်ခဲ့ရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။**

◆ ဥရုဂွေးနိုင်ငံ ဟွန်တီဗီဒီယိုမြို့၌ ဖေဖော်ဝါရီ၂၅ရက်က မော်တော်ယာဉ်ငါးစီးတိုက်မှုဖြစ်ပွား ရှစ်ဦးပွဲချင်းပြီးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိခဲ့သည်။

✧ **ကင်မရွန်းနိုင်ငံ ရအွန်ဒီမြို့ပြင်၌ ဖေဖော်ဝါရီ ၂၅ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးသေဆုံးခဲ့သည်။**

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)

သတင်းအက်ဆေး

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)သည် အရှေ့အလယ်ပိုင်းဒေသ ပါရှန်ပင်လယ်ကွေ့ တောင်ဘက်ကမ်းခြေတွင် တည်ရှိသည်။ ဗြိတိန် လက်အောက်ခံအဖြစ်မှလွတ်လပ်ရေးရပြီးနောက် ၁၉၇၁ ခုနှစ်တွင် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)အဖြစ် စော်ဘွားနယ် ခုနစ်ခုကို စုစည်းဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

လွတ်လပ်မှုအတိုင်းအတာ

စော်ဘွားနယ် ခုနစ်ခုမှာ အဘူဒါဘီ၊ ဒူဘိုင်းလ်၊ အဂျာမန်၊ ဖူဂျေရာ၊ ရက်အယ်ခေမာ၊ ရှာဂျာနှင့် အမ်အယ်ကေဝိန်းတို့ဖြစ်ပြီး စော်ဘွားနယ်တစ်ခုချင်းအနေဖြင့် လွတ်လပ်မှုအတိုင်းအတာများစွာ ရှိသော်လည်း ယူအေအီးနိုင်ငံကို စော်ဘွား ခုနစ်ဦးပါဝင်သည့် စော်ဘွားများဦးစီးကောင်စီက အုပ်ချုပ်သည်။ ၎င်းဦးစီးကောင်စီက ယူအေအီးနိုင်ငံ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကိုခန့်အပ်သည်။

၁၈၂၀ပြည့်နှစ်တွင် ပါရှန်ပင်လယ်ကွေ့ ကမ်းခြေတစ်လျှောက်တွင် ပင်လယ်ဓားပြသောင်းကျန်းမှု နှိမ်နင်းရေးအတွက် ဒေသခံ စော်ဘွားများနှင့် ဗြိတိန်တို့ သဘောတူစာချုပ်လက်မှတ်ထိုးသည်။ ထိုစာချုပ်မှအစပြု၍ နောက်ပိုင်း စာချုပ်များ ချုပ်ဆိုခဲ့သည်။ ယင်းဒေသကို ထရူရှယ်ကမ်းခြေအဖြစ် သိရှိလာသည်။ ၁၈၉၂ခုနှစ် စာချုပ်တွင် ထရူရှယ်နိုင်ငံငယ်များနှင့် ဗြိတိန်တို့ လက်မှတ်ရေးထိုးအပြီးတွင် နိုင်ငံခြားရေးရာကို ဗြိတိန်ကကိုင်တွယ်ပြီး ပြည်တွင်းရေးရာအဖြာဖြာကို စော်ဘွားနယ်တစ်ခုချင်းက စီမံခန့်ခွဲကာခွဲဝေတာဝန်ယူသည်။ ၁၉၅၀ပြည့်လွန်နှစ်များတွင် ရေနံရှာဖွေတွေ့သည်။ ၁၉၅၂ခုနှစ်တွင် စော်ဘွားနယ်ခုနစ်ခုက ထရူရှယ်ကောင်စီကို ဖွဲ့စည်းသည်။ ၁၉၆၂ခုနှစ်တွင် အဘူဒါဘီစော်ဘွားနယ်က ရေနံကို ပထမဆုံး ပြည်ပသို့ရောင်းချသည်။ ၁၉၆၆ခုနှစ် ဩဂုတ်လတွင် ရှိတ်ဇာယက်သည် အဘူဒါဘီစော်ဘွားနယ်ကို အုပ်ချုပ်ရသည့် စော်ဘွားဖြစ်လာသည်။

သဘောထားမတိုက်ဆိုင်

လွတ်လပ်ရေး ဘွားခနဲပေါ်လာသည့်အတွက် ၁၉၆၈ခုနှစ်တွင် ထရူရှယ်ကောင်စီသို့ ဘာရိန်းနှင့်ကာတာတို့ပါဝင်လာသည်။ သို့သော် သဘောထားများမတိုက်ဆိုင်သဖြင့် ၁၉၇၁ခုနှစ်တွင် တစ်စစီပြိုကွဲသွားသည်။ သို့သော်ငြားလည်း ၁၉၇၁ခုနှစ် ဒီဇင်ဘာ၌ပင် ဗြိတိန်လက်အောက်ခံဘဝမှ လွတ်မြောက်အပြီး အဘူဒါဘီ၊ အဂျာမန်၊ ဒူဘိုင်းလ်၊ ဖူဂျေရာ၊ ရှာဂျာ၊ အမ်အယ်ကေဝိန်း စော်ဘွားနယ်ခြောက်ခုပေါင်းကာ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)ကို ဖွဲ့စည်းထူထောင်လိုက်သည်။ ၁၉၇၂ခုနှစ်တွင်မှ ရက်အယ်ခေမာက ဝင်ရောက်ပေါင်းစည်းသည်။ ၁၉၇၁ခုနှစ်တွင် ယူအေအီးနိုင်ငံသည် အာရပ်လိဂ်အဖွဲ့ချုပ် (အေအယ်)သို့ ဝင်ရောက်သည်။

၁၉၇၂ခုနှစ် ဖေဖော်ဝါရီတွင် ဖက်ဒရယ်အမျိုးသားကောင်စီ (အက်ဖ်အင်န်စီ)ကိုထူထောင်သည်။ အက်ဖ်အင်န်စီမှာ စော်ဘွားခုနစ်ဦးက ခန့်အပ်သည့် အဖွဲ့ဝင် ၄၀ပါဝင်သော အတိုင်ပင်ခံအဖွဲ့ဖြစ်သည်။

၁၉၈၁ခုနှစ် မေလတွင် ယူအေအီးနိုင်ငံ၌ စတင်ထူထောင်သည့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ကောင်စီ၏ပထမဆုံး ထိပ်သီးအစည်းအဝေးကို အဘူဒါဘီ၌ ကျင်းပသည်။

ပထမဆုံးရွေးကောက်ပွဲ

အဘူဒါဘီ စော်ဘွားရှိတ်ဇာယက်သည် ဖက်ဒရေရှင်းဖွဲ့စည်းရေးတွင် စိတ်အားထက်သန်သလောက် ဦးဆောင်မှုပေးနိုင်သူဖြစ်သည့် အလျောက် ယူအေအီးနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ၁၉၇၁ခုနှစ်ကတည်းက တာဝန်ယူခဲ့ပြီး ၁၉၈၆ခုနှစ် အောက်တိုဘာလတွင် စတုတ္ထသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရသည်။ ၁၉၉၁ခုနှစ်တွင် ကူဝိတ်ကိုကျူးကျော်သည့် အီရတ်အား မဟာမိတ်များတိုက်ထုတ်ရာတွင် ယူအေအီးနိုင်ငံ ပါဝင်တိုက်ထုတ်ခဲ့သည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာတွင် ယူအေအီးသမ္မတ ရှိတ်ဇာယက်အနိစ္စရောက်သည့်အခါ သားဖြစ်သူ ရှိတ်ခါလီဖာက ဆက်ခံသည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာတွင် ယူအေအီးနိုင်ငံ၏ ပထမဆုံးရွေးကောက်ပွဲပြုလုပ်ရေး အစီအစဉ်ကို ရှိတ်ခါလီဖာက ထုတ်ပြန်ကြေညာသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၁၆ရက်တွင် ပထမဆုံးရွေးကောက်ပွဲကျင်းပသည်။

ရွေးချယ်တင်မြှောက်

အဘူဒါဘီစော်ဘွားဖြစ်သူ ရှိတ်ဇာယက်သည် ဘာသာရေးသည်းခံမှုနှင့် တန်းတူမှု၏ တန်ဖိုးကို သွတ်သွင်းမွေးမြူပေးသူဖြစ်သည်။ ထို့ကြောင့်ပင် ယူအေအီးသမ္မတဘဝတွင် နိုင်ငံ့ဖခင်အဖြစ် မကြာခဏအခေါ်ခံရသူ ဖြစ်သည်။ ယူအေအီးနိုင်ငံတည်ငြိမ်မှုကိုလည်း များစွာအထောက်အကူ ဖြစ်စေသည်။ ထို့ကြောင့်ပင် ၁၉၇၁ခုနှစ်မှစ၍ ငါးနှစ်တစ်ကြိမ် ရှိတ်ဇာယက်ကိုပင် ယူအေအီးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ သားဖြစ်သူ လက်ရှိယူအေအီးသမ္မတ ရှိတ်ခါလီဖာသည် ခေတ်မီပြုပြင်ရေးကို အားပေးသူဖြစ်သည်။

အသွင်ပြောင်း

၁၉၅၀ပြည့်လွန်နှစ်များအတွင်းက ရေနံရှာဖွေမတွေ့ရှိမီ၌ ဤနိုင်ငံ၏ စီးပွားရေးမှာ ငါးဖမ်းလုပ်ငန်းနှင့် တိမ်မြုပ်လာပြီဖြစ်သော ပုလဲမွေးမြူရေးလုပ်ငန်းအပေါ်တွင်သာ မှီခိုခဲ့ရသည်။ သို့သော် ၁၉၆၂ခုနှစ်နောက်ပိုင်း ရေနံတင်ပို့ရောင်းချနိုင်သောအခါ ဤနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေးတို့ အသွင်ပြောင်းကာ တိုးတက်လာသည်။

ကွယ်လွန်သူ အဘူဒါဘီစော်ဘွားနှင့် ယူအေအီးသမ္မတ ရှိတ်ဇာယက်သည် အစကနဦးကပင် ရေနံလုပ်ငန်း၏စွမ်းပကားအလားအလာကို အမြန်ဆုပ်ကိုင်ဖမ်းယူအသုံးချနိုင်သူဖြစ်သည်။ ရေနံမှရလာသော ငွေကြေးကို ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံတို့တွင် သုံးစွဲခဲ့သည်။

ဆွဲဆောင်ခဲ့

ရေနံလုပ်ငန်းက ပြည်ပြေးများအပါအဝင် နိုင်ငံခြားသား အလုပ်သမားများကို အစုအပြုံလိုက်တိုးဝှေ့ရောက်ရှိလာအောင် ဆွဲဆောင်ခဲ့သည်။ ယခုအခါ ယူအေအီးနိုင်ငံ လူဦးရေ၏ လေးပုံသုံးပုံကျော်အထိ ရှိသည်။

ယူအေအီးနိုင်ငံ၏ တိုးတက်လျက်ရှိသော စီးပွားရေးကဏ္ဍနှင့်တကွ ယင်း၏ ခရီးသွားလုပ်ငန်းတို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းကြီးထွားအောင် အားပေး တွန်းပို့ပေးလျက်ရှိသည်။

လူမျိုးပေါင်းစုံမှီတင်းနေထိုင်

ခေတ်ဆန်သည့်ဟိုတယ်များနှင့် ထီးထီးမားမားရှိသော မိုးမျှော်အဆောက်အအုံများသည် မြို့တော်အဘူဒါဘီ၊ လူမျိုးပေါင်းစုံမှီတင်းနေထိုင်ရာ အကြီးဆုံးမြို့ ဒူဘိုင်းလ်တို့ကဲ့သို့သော ယူအေအီးနိုင်ငံမှ မြို့ကြီးများ၏ သင်္ကေတလက္ခဏာတစ်ရပ်ပင်။

လက်ခံ

*ပင်လယ်ကွေ့နိုင်ငံများတွင် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)သည် အခြားသောယဉ်ကျေးမှုနှင့် ဘာသာရေးကို ယေဘုယျလက်ခံထားနိုင်သည့် လိုက်လိုက် လျောလျောအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ။ **ကိုးကား-အင်တာနက်***

တိုး-ရေးသားသည်

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ

<u>ရှေ့ဖုံးမှ</u>

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

နိဒါန်း

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုလည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းလျက်ရှိကြသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကိုလည်းကောင်း၊ အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ အားလုံး၏ ရေရှည်အကျိုးစီးပွားကိုလည်းကောင်း ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်က ရေးဆွဲခဲ့သည်။

ဤသို့ရေးဆွဲထားသည့် ဥပဒေမူကြမ်းကို ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဤဥပဒေ** ဆိုသည်မှာ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ဆိုသည်။

(ခ) **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ဆိုသည်။

(ဃ) **ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲကိုဆိုသည်။ ယင်းစကားရပ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့၏ ကော်မရှင်အဖွဲ့ခွဲများလည်း ပါဝင်သည်။

(င) **ခရိုင်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(စ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်ပရေး မြို့နယ်ကော်မရှင် အဖွဲ့ခွဲကိုဆိုသည်။

(ဆ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **နိုင်ငံသား** ဆိုသည်မှာ တည်ဆဲဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီးသူကို ဆိုသည်။

(ဈ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ–

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

ရှင်းလင်းချက်။ သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တ ခံယူသူများနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီးသည့်ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက် လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက် ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ည) **ဆန္ဒခံယူပွဲဒေသ** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဋ) **မဲစာရင်း** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

(ဌ) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူ ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဍ) **မဲရုံမှူး** ဆိုသည်မှာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကိုဆိုသည်။

(ဎ) **ပယ်မဲ** ဆိုသည်မှာ –

(၁) သတ်မှတ်ထားသည့် အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်ကြောင်း မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်၊

(၃) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်။

အခန်း(၂)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော်မရှင်က သတ်မှတ်သည့်ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပမည့် နေ့ရက်ကို အနည်းဆုံး ၂၁ ရက် ကြိုတင် ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် မိမိတို့၏ ဆန္ဒခံယူပွဲ ဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည်။

အခန်း(၃)

ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်း

၅။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်တစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများ ပါဝင်စေလျက် လိုအပ်သော အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မရှင်သည် အောက်ပါကော်မရှင်အဖွဲ့ခွဲများကိုဖွဲ့စည်းရမည် သို့မဟုတ် ဖွဲ့စည်းစေနိုင်သည်–

(၁) ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုလျှင် အဖွဲ့ဝင် ၁၅ဦး ပါဝင်သော ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၂) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ဦး ပါဝင်သော ခရိုင်ကော်မရှင် အဖွဲ့ခွဲ တစ်ခု၊

(၃) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ဦး ပါဝင်သော မြို့နယ်ကော်မရှင် အဖွဲ့ခွဲတစ်ခု၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုလျှင် အဖွဲ့ဝင် ငါးဦးမှ ၂၀ ဦးအထိ ပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတစ်ခု။

အခန်း(၄)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

(ခ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲဒေသများကို သတ်မှတ်ကြေညာခြင်း၊

(ဃ) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရန် အချိန်ကာလ သတ်မှတ်ပေးခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့်ပုံစံများ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထုတ်ပေးခြင်း၊

(ဇ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့်ကြေညာခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၇။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကိုခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ ပေးပို့ခြင်း။

၈။ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သောဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကော်မရှင်မှ တောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်နှင့် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သောဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆)တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့်နေ့ရက်များကို ကြေညာခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကိုခွဲခြား၍ စာရင်းပြုစုပြီး ပြည်နယ်

သို့မဟုတ် တိုင်
အဖွဲ့ခွဲများသို့
(ဆ) မြို့နယ်ကော်မ
မိတ္တူကို ကော်
(ဇ) ပြည်လုံးကျွတ်
၁၀။ ရပ်ကွက် သို့မဟုတ်
ဖြစ်သည်–
(က) ရပ်ကွက် သို့မ
(ခ) ပြည်လုံးကျွတ်
တင်ပြခြင်းနှင့်
(ဂ) မြို့နယ်ကော်မ
မဲရုံနယ်မြေနှင့်
ရှင်းချက်။
(ဃ) မြို့နယ်ကော်မ
လုံလောက်စွာ
(င) မဲပုံးများကို သ
(စ) မဲရုံအသီးသီးရှိ
(ဆ) ဆန္ဒမဲပေးသူစာ
ဆန္ဒမဲလက်မှတ
များနှင့်အညီ
(ဇ) ရပ်ကွက် သို့မ
အစီရင်ခံခြင်း၊
(ဈ) ပြည်လုံးကျွတ်
၁၁။ (က) ပြည်လုံးကျွတ်
နိုင်ငံသားပြုခွင့်
ဆန္ဒမဲပေးခွင့်ရှိ
(ခ) ပုဒ်မခွဲ(က)ပါ
ထည့်သွင်းနိုင်
(၁) ပြည်ထော
နေထိုင်
(၂) တပ်တွင်း
ပြင်ပသို့
လိုက်ပါ
(၃) ပြည်ထော
ယင်းတို့
(၄) နိုင်ငံခြား
(၅) အစိုးရ၏
(၆) တက္ကသိုလ
ကျောင်း
ရှင်းလင်း
ကျောင်း
တက္ကသိုလ
အသက်
တပ်မတော
ကျောင်း
ကျောင်း
အခြားဒေ
ပြဋ္ဌာန်းချ
(၇) ဆေးရုံတွ
(၈) အစိုးရဌာ
အခြားဒေ
(၉) ရဲစခန်းန
(ဂ) မဲစာရင်းပြုစုရာ
ဖြစ်စေ၊ အဖွဲ့
လာရောက် အ
သည်။ ထိုပုဂ္ဂိ
သက်ဆိုင်ရာ
(ဃ) အောက်ပါပုဂ္ဂို
(၁) သာသနာ့
(၂) စိတ်ပေါ့
(၃) ပြစ်မှုတစ်
(၄) ပြည်ပသို့
(၅) နိုင်ငံခြား

...ိုးပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

ဦးဆုံး ၂၁ ရက် ကြိုတင်

ခွဲများသည် ပြည်လုံးကျွတ်
းခွင့်ရှိသူများ၏ စာရင်းကို

ယူပွဲ ကျင်းပနိုင်ရေးအတွက်
ငံသားများ ပါဝင်စေလျက်

အဖွဲ့ခွဲများကိုဖွဲ့စည်းရမည်

ာ ပြည်နယ် သို့မဟုတ်

တစ်ခု၊
့ခွဲတစ်ခု၊
အထိ ပါဝင်သော ရပ်ကွက်

ဝန်နှင့်လုပ်ပိုင်ခွင့်များ

း၊
က်ကြေညာခြင်း၊

တွက် လမ်းညွှန်ခြင်းနှင့်

းက အသုံးပြုမည့်ပုံစံများ၊
းခြင်း၊
ီးသီးသို့ ထုတ်ပေးခြင်း၊
်မှတ်များကို နိုင်ငံခြားရေး
စ်ဝန်ရုံး အကြီးအမှူးထံသို့

ူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊
ကြေညာခြင်း၊ နိုင်ငံတော်

တင်ရွက်ခြင်း။
က်ပါအတိုင်း ဖြစ်သည်–
ယ်ကော်မရှင်အဖွဲ့ခွဲများကို

င်န်းဆောင်ရွက်ချက်များကို

ျက်များကို ကော်မရှင်သို့

ားစာရင်းကို ကော်မရှင်သို့

ားက ပေးပို့သော ဆန္ဒမဲ
ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်
ို့ ပေးပို့ခြင်း။
ည်–
လက်မှတ်များကို ကော်မရှင်မှ
င်း၊
များ၏ လုပ်ငန်းဆောင်ရွက်

းနှင့်အညီ ဆောင်ရွက်ခြင်း။
သည်–
ာ ကော်မရှင်အဖွဲ့ခွဲများကို

ပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊
းအလိုက် မဲစာရင်းများကို
ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူ
ုင်ပေးပို့ခြင်း၊
ိုတင်ဆန္ဒမဲလက်မှတ်များကို
တ် ကျေးရွာအုပ်စုကော်မရှင်
့် (၆)တို့ပါ အဖွဲ့များသို့

ညာခြင်း၊
ရေးအတွက်ကို စုပေါင်းပြီး
 စာရင်းပြုစုပြီး ပြည်နယ်

သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကိုပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အတည်ပြုရန် တင်ပြခြင်းနှင့် အတည်ပြုပြီးသော မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံအဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

ခြွင်းချက်။ ဆန္ဒခံယူပွဲကျင်းပသော နေ့ရက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ခန့်ထားသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်းမပြုနိုင်လျှင် ရပ်ရွာက ကြည်ညိုလေးစားခြင်းခံရသည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကို အစားထိုး တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်၊ လက်ကျန်ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

အခန်း(၅)

မဲစာရင်းများပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် ၁၈နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိသည်–

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သောမိသားစုဝင်များ၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပ၌ အလုပ်ဝတ္တရားဆောင်ရွက်ရန် အစိုးရကခန့်အပ်ထားခြင်းခံရသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သောမိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ရောက်ရှိနေသော အစိုးရပညာတော်သင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များ၊

(၅) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင် ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ၊

ရှင်းလင်းချက်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရန် အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများသည်လည်းကောင်း၊ တပ်မတော်က ဖွင့်လှစ်သော တက္ကသိုလ်များနှင့် ကျောင်းများသည်လည်းကောင်း ပါဝင်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများအနက် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းဖွင့်လှစ်ထားသည့် ဒေသရှိမဲစာရင်းတွင် ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံတွင်တက်ရောက်ကုသနေသူများနှင့် တာဝန်ကျနေသောဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိလုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်ကျော်လွန်သည်အထိ ယာယီလာရောက် အလုပ်လုပ်ကိုင်သူများကို ရောက်ရှိနေသောဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ–

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သော ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ(က)အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၏အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။ အကယ်၍ ယင်းမဲစာရင်းတွင်ပါရှိနေလျှင် ထိုသူ၏အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သောအဖွဲ့ဝင်အရေအတွက်ဖြင့်ဖွဲ့စည်းသည့် အောက်ပါအဖွဲ့များက ပြုစုရမည်–

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာ သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့် အဖွဲ့၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာ တပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ သိပ္ပံနှင့် ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံတွင်တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသော ဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီးနှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ရောက်ရှိသူများအတွက် ယင်းလုပ်ငန်းခွင် အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိ အချုပ်သားများအတွက် သက်ဆိုင်ရာ ရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများအတွက် သက်ဆိုင်ရာ ထောင်ပိုင်နှင့်အဖွဲ့။

(င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) မိမိတို့နှင့် သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့ မိသားစုဝင်များ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာ တပ်တွင်း၌မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် အတူနေထိုင်ကြသည့် မိသားစုဝင်များ၏ အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ) အရ ဖွဲ့စည်းထားသည့် အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။ မဲစာရင်းနှင့် စပ်လျဉ်း၍ အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့အရ ဖွဲ့စည်းထားသော အဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့် သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကို ရယူရမည်။ ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၆)

ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူ တစ်ဦးသည် မိမိ၏ အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အများမြင်သာသည့်နေရာတွင် သတ်မှတ်ထားသော မဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူ တစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှသော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကိုရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ ထည့်ရမည်။

၁၈။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့် နေ့ရက်တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်။

၁၉။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသောပုဂ္ဂိုလ်များအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများမှာ ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း(၇)

ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၀။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ဆန္ဒခံယူပွဲကို တည်ငြိမ်စွာ ကျင်းပနိုင်ခြင်း မရှိလျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတစ်ခုလုံးနှင့် သက်ဆိုင်သော မဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကိုဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ထားသောကာလအတွင်း ဆန္ဒမဲပေးနိုင်ရေးအတွက် သင့်လျော်သည့်နေ့ရက်သို့ တစ်ကြိမ်ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်သည်။

စာမျက်နှာ ၁၀ သို့

27-2 (09) 1 2/27/08, 2:24 AM

စာမျက်နှာ ၉ မှ

ယင်းသို့ ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက ပုဒ်မခွဲ(က)ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်းကြေညာရမည်။ ဆန္ဒမဲပေးနေစဉ် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူ ငါးဦး၏ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာပိတ်ထားပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည့်မဲရုံတွင် ဆန္ဒမဲပေးရန် ကျန်နေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန် နေ့ရက်နှင့် နေရာကို ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ထားသော ကာလအတွင်းမှ ရက်တစ်ရက်သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့်နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်း၏ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့်ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ၊ သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကိုဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာ ခရိုင်ကော်မရှင် အဖွဲ့ခွဲနှင့် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲများသို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်ကို ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ထိုသို့ဖျက်သိမ်းရန်ဆုံးဖြတ်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံ၍ သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

အခန်း(၈)
ဆန္ဒမဲရေတွက်ခြင်း

၂၂။ (က) မဲရုံတွင် မဲရုံပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် မဲရုံအဖွဲ့သည်–

(၁) ၁၀ ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ရှေ့မှောက်တွင် မဲပုံးများကို စစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများရေတွက်ရမည်။ ယင်းသို့ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

(၂) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)အရ ရွှေ့ဆိုင်းသတ်မှတ်သောနေ့ရက်တွင် ကျန်ရှိနေသေးသော ဆန္ဒမဲပေးခွင့်ရှိသူများထံမှ ဆန္ဒမဲဆက်လက်ရယူရမည်။ ထိုဆန္ဒမဲရယူသည့် မဲရုံပိတ်ပြီးမှသာလျှင် ယင်းမဲရုံမှ ဆန္ဒမဲများကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)အရ လုံခြုံစွာ ပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများနှင့် ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)အရ ရွှေ့ဆိုင်းသတ်မှတ်သော နေ့ရက်တွင်လည်း ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများကိုသာ ရေတွက်ရမည်။

(၄) ပုဒ်မခွဲငယ်(၁)နှင့်အညီ ဆန္ဒမဲများကိုရေတွက်ပြီးသောအခါ မဲစာရင်းပါ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ်တို့၏စာရင်းများကို သီးခြားပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)အရ ပေးပို့သည့် စာရင်းများကို မဲရုံအလိုက်စုစည်းပြီး စာရင်းချုပ်ပြုစု၍လည်းကောင်း၊ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်–

(၁) ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများက ပေးပို့သည့် စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက်စုစည်း၍ ပြုစုသောစာရင်း၊

(၂) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆)တို့အရ ဖွဲ့စည်းသောအဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး ရရှိသည့် စာရင်းများကိုလည်းကောင်း၊ ပုဒ်မခွဲငယ်(၁)ပါ စာရင်းများကိုလည်းကောင်း စုပေါင်းပြုစုထားသော စာရင်းတို့ကို အစီရင်ခံစာနှင့်အတူ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းမိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင် အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ(ဂ)အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သောမဲစာရင်းများကို စုစည်း၍ ကော်မရှင်သို့ ပေးပို့ရမည်။

(င) ကော်မရှင်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)အရ ဖွဲ့စည်းထားသော အဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများခွဲခြား၍ ရေတွက်ရမည်။

အခန်း(၉)
ဆန္ဒမဲများကြေညာခြင်း

၂၃။ ကော်မရှင်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများက ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ ပေးပို့တင်ပြသော ဆန္ဒမဲစာရင်းများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(င) အရ ကော်မရှင်က ရေတွက်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို တစ်ပေါင်းတည်း စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

အခန်း(၁၀)
တားမြစ်ချက်နှင့်ပြစ်ဒဏ်

၂၄။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ–

(က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲ ပေးခြင်း၊

(ခ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုကို လက်ဝယ်ထားရှိခြင်း၊

(ဂ) ဆန္ဒမဲ လက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားခြင်း၊

(င) မဲပုံးကို အခွင့်အာဏာမရှိဘဲဖွင့်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း၊

(စ) မဲရုံကိုဖျက်ဆီးခြင်း၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် အခြားစာရွက်စာတမ်းများကို ဖတ်ရှု၍မရစေရန် တမင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အခြားတစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း၊ ယင်းသို့ ဖောက်ဖျက်ရန် အားထုတ်ကြောင်း၊ ဖောက်ဖျက်ရန် ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ကြောင်း သို့မဟုတ် ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၁)
ဘဏ္ဍာရေးနှင့်ဝန်ထမ်းအကူအညီရယူခြင်း

၂၆။ (က) ကော်မရှင်သည်–

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ခန့်မှန်းခြေ ကုန်ကျစရိတ်ကို တွက်ချက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြတောင်းခံ သုံးစွဲရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ တောင်းခံရရှိသောငွေအနက် ကော်မရှင်အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲများသည်–

(၁) ပုဒ်မခွဲ(က)အရ ကော်မရှင်ထံမှ ခွဲဝေရရှိသောငွေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သုံးစွဲ၍ စာရင်းများကို စနစ်တကျထားရှိရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသောအခါ ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်းများကို ကော်မရှင်သို့ ပေးပို့ရမည်။

၂၇။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သောဝန်ထမ်းများနှင့် ပစ္စည်းအကူအညီတို့ကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံမှ ညှိနှိုင်းရယူနိုင်သည်။

အခန်း(၁၂)
အထွေထွေ

၂၈။ ကော်မရှင်သည် ပုဒ်မ ၂၃ အရ ဆန္ဒမဲရရှိမှုအခြေအနေကို ကြေညာပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ အစီရင်ခံစာတင်သွင်းရမည်။

၂၉။ (က) ကော်မရှင်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ယင်းနေရာအတွက် အဖွဲ့ဝင်အစားထိုးခန့်ထားနိုင်သည်။

(ခ) ကော်မရှင်အဖွဲ့ခွဲ တစ်ခုခုတွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် အောက်ပါကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲက အစားထိုးခန့်ထားနိုင်သည်–

(၁) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ကော်မရှင်၊

(၂) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

(ဂ) ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာလစ်လပ်ခြင်းကြောင့် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၃၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လိုအပ်သော နည်းဥပဒေများကိုပြဋ္ဌာန်းနိုင်သည်။

၃၁။ ကော်မရှင်သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

အပါအဝင် ရှစ်ဆယ်ကျော် ကိုးဆယ်ခန့်) ပါဝင်တက်ရောက်ခဲ့တယ်။ အခန်း(၁) နိုင်ငံတော်အခြေခံမူတွေ၊ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခြေခံမူတွေ၊ အခန်း(၃) နိုင်ငံတော်အကြီးအကဲနဲ့ စပ်လျဉ်းတဲ့ အခြေခံမူတွေ၊ အချုပ်အခြာအာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးရေးကို အခြေခံတဲ့ အခန်း(၄) ဥပဒေပြုရေး၊ (၅)အုပ်ချုပ်ရေး၊ (၆) တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အခြေခံမူတွေချမှတ်တဲ့အထိ ဦးအောင်ရွှေခေါင်းဆောင်တဲ့ NLD ကိုယ်စားလှယ်တွေ၊ ဦးခွန်ထွန်းဦးခေါင်းဆောင်တဲ့ ရှမ်း NLD ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

၁၉၉၅ ခုနှစ် ဇူလိုင်လထဲမှာ ဒေါ်စုကြည်ကို နေအိမ်မှာပဲနေဖို့ ချမှတ်ထားတဲ့ တားဆီးမိန့် ရုပ်သိမ်းပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ NLD ကိုယ်စားလှယ် ၈၆ ယောက် ညီလာခံက (စည်းပျက်ကမ်းပျက်) ထွက်ခွာသွားခဲ့တယ်။ ဒီနောက် အမျိုးသားညီလာခံ ပျက်ရာပျက်ကြောင်း နည်းမျိုးစုံသုံးပြီး နှောင့်ယှက်လာကြတာတွေလည်း ပြောခဲ့ကြ၊ ရေးခဲ့ကြဖူးပါပြီ။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှာ အမျိုးသားညီလာခံ ပြန်လည်စတင်ကျင်းပတော့မယ်ဆိုတော့ NLD က ပြောပြန်တယ်။ သူတို့တက်မယ်တဲ့၊ ဒါနဲ့ ဆိုင်ရာက ဖိတ်စာကမ်းခဲ့တယ်၊ ညီလာခံပြန်တက်ဖို့ မတက်ဖို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးထိုင်ရမှ ဖြစ်မယ်ဆိုပြီး ဒေါ်စုကြည်၊ ဦးတင်ဦးတို့နှင့်အတူ စည်းဝေးစေခဲ့တယ်။ သတင်းတွေ (VOA, BBC) မှာ ပါတဲ့အတိုင်း NLD တွေ သဘောတူညီခဲ့ပြီးဖြစ်တဲ့ နိုင်ငံတော်အခြေခံမူတွေပဲ ချမှတ်ပေးမှဆိုပြီး အကျပ်ကိုင်တယ်၊ အဲဒီ နိုင်ငံတော်အခြေခံမူတွေဟာ ညီလာခံက ချမှတ်ထားတာ၊ အစိုးရက ချမှတ်ထားတာမဟုတ်တော့ အဲဒီမူတွေကို ဖြုတ်၊ ပယ်၊ ဖြည့်စွက်၊ ပြင်ဆင်တာတွေ မလုပ်နိုင်ဘူးလေ၊ သူတို့သာ နိုင်ငံရေးပါးဝရင် ညီလာခံပြန်တက်ပြီး ညီလာခံမှာ တင်ပြကြမှာပေါ့။

၂၀၀၄ ခုနှစ် မေလ ၁၄ရက်နေ့ည VOA, BBC က သတင်းကြေညာပေးမှ NLD က မတက်တော့ဘူးဆိုတာ သိရတယ်။ အင်း...NLD...NLD နိုင်ငံရေးမလုပ်တတ်တာလား...လုပ်တတ်သော်လည်း မိမိတို့ရဲ့ ဆန္ဒသဘောအတိုင်း လုပ်ခွင့်မရှိတာလား မသိ။ ညီလာခံကို ဒုတိယမ္ပိ ကျောခိုင်းခဲ့ပြန်တယ်။ ၁၉၉၅ ခုနှစ် ညီလာခံက ထွက်မသွားဘဲ ညီလာခံဆက်တက်နေလျှင် ယခု ၂၀၀၈ ခုနှစ်မှာ အခြေခံဥပဒေသစ်နဲ့ အညီ လွှတ်တော်သက်တမ်းနှစ်ခုလောက်တောင် ရှိရော့မယ်။

NLD ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်လား-ဘာလားတော့ မသိဘူး၊ ၂၀၀၄ ခုနှစ် မေလမှာ ညီလာခံမတက်ဘူးလို့ ဆုံးဖြတ်တယ်။ မရှေးမနှောင်းမှာပဲ ပြည်ပြေးတွေနဲ့ ပြည်ပြေးတွေကြီးစိုးရာ BBC, VOA RFA စတဲ့ အနောက်မီဒီယာတွေက ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံမှာ NLD မပါရင် အဓိပ္ပာယ်မရှိဘူးလို့ ပြောပြန်တယ်။ ပြောလည်း ပြောတတ်ကြပါပေ့၊ တော်ရုံတန်ရုံ "လျှာသိက္ခာ"၊ "လျှာသမာဓိ" ရှိတဲ့လူဆို ဒီလောက်ကြီး ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောကြမှာ မဟုတ်ပါဘူး။

၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသားညီလာခံကို ဖျက်ဆီးချင်သူတွေဟာ မီဒီယာတွေကို သုံးလိုက်၊ ဖောက်ခွဲရေးပစ္စည်းတွေကို သုံးလိုက်၊ ဆူပူမှုတွေကို ဖန်တီးအသုံးချလိုက်၊ နောက်ဆုံး ကုလသမဂ္ဂကိုတောင် အသုံးချဖို့ လုပ်လာကြတာလဲ တွေ့ရပါတယ် ။ဘာပဲပြောပြော မြန်မာတိုင်းရင်းသား အားလုံးကတော့ ဒီမိုကရေစီလမ်းပြမြေပုံ "ရှေ့လုပ်ငန်းစဉ် မူဝါဒ(၇)ရပ်"အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မယ့် သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာချ ခဲ့ကြပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုတစ်ဝန်းမှာ လုထုအစည်းအဝေးကြီးတွေ ကျင်းပပြီး ထောက်ခံခဲ့ကြပါတယ်။

ဒီလောက် ကမ္ဘာသိ ချပြနေတဲ့ အခြေခံဥပဒေပေါ်ထွန်းရေးလုပ်ငန်းတွေကို ဘာတဲ့...Transparency မရှိဘူး(ထင်သာ မြင်သာမရှိဘူး)တဲ့ ပြောလာကြသေးတယ်။ မျက်စိမှိတ်၊ နားပိတ်လို့တော့ ဘာမှ မြင်မှာမဟုတ်ပါဘူး၊ ကြားမှာ မဟုတ်ပါဘူး။ အဲဒီလို မဟုတ်တရုတ်တွေ ပြောတာတွေကို မြန်မာပြည်သူတစ်ရပ်လုံးက အထာနပ်ပြီးသားပါ။ "မမှန်မကန် မုသားစကားလုံး...သွားရော့ အမိုက်ပုံး"ဆိုသလိုပါပဲ။

ပြောလာပြန်သေးတယ်။ မြန်မာအစိုးရက ဒီမိုကရေစီဖော်ဆောင်နေတယ်လို့သာပြောတယ် အချိန်ဇယား Time Frame မရှိဘူးတဲ့လေ။ **၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ အမျိုးသားညီလာခံကို ပြီးစီးအောင်ကျင်းပခဲ့တယ်။ မရှေးမနှောင်းမှာပဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက် ၅၄ ဦးပါ ကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့တယ်။ ပြည်နယ်၊ တိုင်းဒေသစုံက ဥပဒေပညာရှင်တွေ၊ ပညာရပ်ဆိုင်ရာ ပါရဂူတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ အတွေ့အကြုံရင့်ကျက်သူတွေပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ဟာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့က စပြီး အမျိုးသားညီလာခံက ချမှတ်ပေးခဲ့တဲ့ မူတွေကို အခြေခံပြီး အခြေခံဥပဒေရေးဆွဲခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ အခြေခံဥပဒေမူကြမ်းကို ကော်မရှင်စုံညီအစည်းအဝေးက အတည်ပြုပြီး ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကော်မရှင်အဖွဲ့ဝင်အားလုံး မော်ကွန်းတင် လက်မှတ်ရေးထိုးခဲ့တာ ပြည်သူတွေမြင်ပါတယ်။**

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၁/၂၀၀၈ ထုတ်ပြန်ပြီး အခုရေးဆွဲပြီးစီးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပအတည်ပြုမယ်လို့ ကြေညာခဲ့ပါတယ်။ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တွေမှာ တင်မက အင်တာနက်မှာပါ တင်ပေးထားခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၂/၂၀၀၈ကို ထုတ်ပြန်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်မှာ ကျင်းပပေးမယ်လို့ ကမ္ဘာသိ ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေဟာ Time Frame မဟုတ်ဘူးလား၊ မြန်မာတို့ရဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်အားလုံးဟာ ထင်သာမြင်သာ (Transparency) ရှိတယ်။ အချိန်ဇယား Time Frame ရှိတယ်။ ဤဆောင်းပါးရှင်ကလည်း မြန်မာ့ပြည်တွင်းရေးကို မသမာတဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်စွက်ဖက် ခြေရှုပ်နှောင့်ယှက်နေသူတွေကို မေးခွန်းပြန်ထုတ်လိုက်ချင်ပါတယ်။ မခိုင်မာ၊ မမှန်ကန်တဲ့ အကြောင်းပြချက်တွေနဲ့ အချုပ်အခြာအာဏာပိုင် အီရတ်နှင့် အာဖဂန်ကို (ရေနံလောဘဇောနဲ့) ကျူးကျော်တိုက်ခိုက်နေတဲ့ အမေရိကန်နဲ့ ဥရောပ(နေတိုးစစ်အုပ်စု)ကော အဲဒီနိုင်ငံတွေက တပ်တွေဘယ်တော့ပြန်ရုပ်သိမ်းမှာလဲ။ Time Frame အချိန်ဇယားလေး ဘာလေးကို ထင်သာမြင်သာ (Transparency) ရှိအောင် ကမ္ဘာကို ချပြပေးပါဦးလို့။

အမေရိကန်သမ္မတဘုရှ်ဟာ အမေရိကန်ပြည်သူတွေနဲ့ ကွန်ဂရက်လွှတ်တော်တို့က အမေရိကန်တပ်တွေ ပြန်ရုပ်သိမ်းဖို့ အချိန်ဇယားတောင်းတာကို လုံးဝမလိုက်လျောဘဲ မြန်မာ့ရေးရာကိုကျမှ ထင်သာမြင်သာရော၊ အချိန်ဇယားဆိုတာတွေရော ပြောနေတာဘာသဘောလဲ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို ခေါ်တွေ့ပြီး မြန်မာ့အရေး သညာပေးနေတာလဲ ကြားရပါတယ်။ စင်ကာပူက လွှင့်ထုတ်နေတဲ့ Channel News Asia သတင်းမှာ မြန်မာတို့ရေးဆွဲပြီးစီးသွားတဲ့ အခြေခံဥပဒေ ပြန်ရေးဆွဲရမယ်လို့ အမေရိကန်အစိုးရကပြောပုံ သတင်းတစ်ပုဒ် တွေ့လိုက်ရတယ်။ တစ်ခွန်းပဲ ပြောဖို့ရှိတော့တယ်။ မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေ မြန်မာတွေသာ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခွင့်ရှိတယ်။ ဒါတော့ သိထားပါ။

မြန်မာနိုင်ငံမှာ အမျိုးသားညီလာခံကျင်းပရာမှာရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာရော အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အတည်ပြုရာမှာရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဒီမိုကရေစီ လုပ်ငန်းစဉ်တွေ ဆက်လက်အကောင်အထည်ဖော်ရာမှာရော ပြည်ထောင်စုဖွား တိုင်းရင်းသားစုံ ပြည်သူတွေ စုံစုံညီညီပါဝင်တာဖြစ်တဲ့အတွက် သမိုင်းမှာ ကမ္ပည်းတင်ရမှာဖြစ်ပါတယ်။ ဘေးထိုင်ဘုပြောခေတ်ကုန်လောက်ပါပြီ။ ဒီလိုဆို ဟိုလိုပြော၊ ဟိုလိုဆို ဒီလိုပြောနေကြ ပြောနေသူတွေရဲ့စကား နားထောင်နေဖို့အချိန်မပေးနိုင်ပါဘူး။ မြန်မာတို့ရဲ့ အမျိုးသားအကျိုးစီးပွားကို မြန်မာတို့ပင် အမျိုးသားရေးအင်အားနဲ့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါကြောင်း။ ။

မဇ္ဈိမဂုဏ်ရည်ဆရာတော် မတ်လဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသိုလ ဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် မတ် ၁၊ ၂၊ ၃ရက်များတွင် ကူမဲမြို့ ဓမ္မသဘင်၊ ၄၊ ၅ရက်ညများတွင် မြစ်သားမြို့ ဓမ္မသဘင်၊ ၆ရက်ညနေ၅နာရီတွင် ကျောက်ဆည်မြို့ ဖျောက်ဆိပ်ပင်စံပြရွာ၊ ၇ရက်ညနေ၅နာရီတွင် စဉ့်ကိုင်မြို့ ဓမ္မသဘင်၌ လည်းကောင်း၊ ၆၊ ၇ရက်ညများတွင် ကျောက်ဆည်မြို့ဓမ္မသဘင်၊ ၈၊ ၉ရက်ညများတွင် ငန်းဇွန်မြို့ဓမ္မသဘင်၊ ၁၀ရက်တွင် မြင်းခြံမြို့ ဆန္ဒတော်ပြည့်ကွင်းဓမ္မသဘင်၊ ၁၁ရက်ညတွင် မြင်းခြံမြို့ တောပုရွာဓမ္မသဘင်၊ ၁၂ရက်တွင် သဲတောမြို့ သစ္စာပန်းအထည်စက်မိသားစု အထူးတရားပွဲ၊ ၁၃ရက်ညနေ၅နာရီတွင် ပဲခူးတိုင်း ပျဉ်ပုံကြီးရွာဓမ္မသဘင်၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ရက်များတွင် ပြည်ပသာသနာပြုဓမ္မခရီးစဉ်၊ ၂၁ရက်ညတွင် ကျောက်တန်း ခနောင်ရွာ အထူးတရားပွဲ၊ ၂၂ရက်တွင် ကျိုက်လတ်မြို့နယ် ရုံးဒေါင့်ကျေးရွာ သီရိမင်္ဂလာတိုက်သစ်ကျောင်းဓမ္မသဘင်၊ ၂၃ရက်တွင် ကျိုက်လတ်မြို့ တိလောကမာရဇိန်ဘုရားဝင်းအတွင်းဓမ္မသဘင်၊ ၂၄ရက်ညတွင် သုံးခွမြို့ တဲပိုင်းကြီးရွာအထူးတရားပွဲ၊ ၂၅ရက်တွင် ဟဲဟိုးမြို့အထူးဓမ္မသဘင်၊ ၂၆၊ ၂၇၊ ၂၈ရက်ညတွင် တောင်ကြီးမြို့ အေးသာယာအထူးတရားပွဲ၊ ၂၉ရက်ညတွင် တောင်ဥက္ကလာပမြို့နယ် ကျော်သူ၁၉လမ်း ကိုဆန်းတင့်-မညိုဆန်းမိသားစု ရှင်ပြုအကြိုအထူးဓမ္မသဘင်၊ ၃၀ရက် ဆည်းဆာ ညနေ၅နာရီတွင် ဒလမြို့ ပျော်ဘွယ်ကြီးရွာ ကိုဇော်မင်းမိသားစု ရဟန်းခံရှင်ပြုပွဲ၊ ၃၀ရက်ည၇နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ကျော်သူ၁၉လမ်း ကိုဆန်းတင့်-မညိုဆန်းမိသားစု ရှင်ပြုအောင်ပွဲ၊ ၃၁ရက် နံနက်၈နာရီတွင် လေးဒေါင့်ကန်ရွာ အလှူရေစက်ချတရားပွဲ၊ ည၇နာရီတွင် ၃၈လမ်း(အောက်) ဗုဒ္ဓဝိဟာရဓမ္မာရုံ၊ ည၈နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ဗိုလ်ကံညွန့်ရပ်ကွက် ဓမ္မသဘင် အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။

(သတင်းစဉ်)

IP STAR ပစ္စည်းများပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

Shin Satellite Public Company Ltd. ၏ IP STAR ပစ္စည်းများပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၏ Conference Hall၌ကျင်းပရာ IP STAR မှ မြန်မာပြည် ဌာနေကိုယ်စားလှယ် Mr. Nuthapong Temsiripong က Shin Satellite Public Co., Ltd. နှင့် IP STAR ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Xpossible ကုမ္ပဏီမှ Mr. Vicent Kho က IP STAR နှင့် Internet Solution အကြောင်းကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၉ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၂-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော်ဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ချင်းပြည်နယ်ရဲ့လှတစ်ပါး ဗားရ်တံတား
- ၈:၂၀ ၉။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၁၆:၃၀ ၃။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၁၇:၀၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၀ ၅။ သီချင်းကြီးပဒေသာ
- ၁၇:၁၅ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၁၇:၂၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၅ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၁၉:၁၀ ၁၃။ **ဘဝသစ်ရဲ့စာမျက်နှာ** ငြိမ်းချမ်း၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်) ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
- ၁၉:၂၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၉:၅၀ ၁၅။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **မြေမှာပေါက်တဲ့သဇင်** ဇာနည်၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-ကုသိုလ်)

TOYO အမှတ်တံဆိပ်ဘက်ထရီ အရောင်းကိုယ်စားလှယ်များဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခု ဖြစ်သည့် ISO 9001:2000 (QMS) လက်မှတ်ရ Proven Technology Industry Co., Ltd. ၏ အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးအတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပသည်။ ရှေးဦးစွာ Proven Technology Industry Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုယိုဘက်ထရီ၏ အရည်အသွေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အီတလီနည်းပညာဖြင့် အသစ်ထပ်မံထုတ်လုပ်သည့် (Tubular) ကျူပလာဘက်ထရီ၏ အရည်အသွေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၀၇ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး တိုယိုဘက်ထရီ အများဆုံးရောင်းချနိုင်သော အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

ထုတ်လုပ်ဖြန့်ဖြူး

တိုယိုဘက်ထရီကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီမှ မြန်မာနိုင်ငံ ရွှေပြည်သာ စက်မှုဇုန်တွင် စက်ရုံတည်ဆောက်ကာ ၁၉၉၅ ခုနှစ်မှ စတင်ထုတ်လုပ်ပြီး ISO စံချိန်စံညွှန်းနှင့်အညီ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ထုတ်လုပ်သည့် ဘက်ထရီအမျိုးအစားများမှာ N-20, N-40 ZL, N-50 ZL, N-70 L, N-70 ZL, N-100, N-120, N-150, N-200 တို့အပြင် မီးရထားစက်ခေါင်းနှိုးဘက်ထရီ၊ မီးရထားတွဲသုံးဘက်ထရီ၊ ဂေါက်ကွင်းကားသုံး ဘက်ထရီ၊ ငါးဖမ်းစက်လှေ၊ စက်လှေကား၊ ဓာတ်လှေကား အစ ရှိသည့် Industry (Stand By) ဘက်ထရီများကို အထူးထုတ်လုပ်ရောင်းချလျက်ရှိသည်။

ပြည်တွင်းဖြစ် ဖြစ်သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသောကြောင့် သုံးစွဲသူများ သိရှိသဘောကျနှစ်သက်ကြပြီး ယခုအခါ သုံးစွဲသူများ၏ အကျိုးကို ရှေးရှု၍ လက်ရှိထုတ်လုပ်နေသော ဘက်ထရီထက် သက်တမ်းတစ်ဆကျော် ပိုမိုခံနိုင်မည့် ကျူပလာဘက်ထရီကို ထုတ်လုပ်ရန်ပြင်ဆင်လျက်ရှိရာ ယခုနှစ်အတွင်း ဈေးကွက်သို့ ရောင်းချပေးနိုင်မည်ဖြစ်သည်။

ဖြန့်ချိ

တိုယိုဘက်ထရီအား ရန်ကုန်မြို့တွင် F/S 14 ရွှေစံပယ်ရိပ်မွန်ရေကြောင်း သိပ္ပံရှေ့ ကမာရွတ်မြို့နယ် ဖုန်း-၇၀၁၇၁၉၊ ၇၀၁၇၂၀၊ ၅၂၇၆၆၇၊ မန္တလေးမြို့တွင် အမှတ် ၁၁၄၊ ၈၄လမ်း ၃၁ လမ်းနှင့် ၃၂ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၂၂၄၈ တို့မှ တစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

27-2 (11) 1 2/27/08, 2:24 AM

နိုင်ငံတော်၏ ပကတိအခြေအနေမှန်၊ သမိုင်းကြောင်းအခြေခံများနှင့် အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်များ သိမြင်စေခြင်းဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ကျောင်းအုပ်ကြီး ဦးအောင်ဆန်းဝင်း၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ယုံကြည်မျှော်လင့်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသားကျောင်းသူ လူငယ်များကို နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးနေကြသည့်အခြေခံပညာ ဆရာ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများမှာ နိုင်ငံတော်၏ ပကတိ အခြေအနေမှန်များ သမိုင်းကြောင်း အခြေခံများ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေး၊ မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းအားဖြင့်ဆရာဆရာမများ အတွက်သာမက ကျောင်းသားကျောင်းသူ လူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

ယခင်ခေတ်ကာလများက ပညာသင်ယူနိုင်မှုအခွင့်အလမ်းကို မြို့ကြီးပြကြီးများ၌သာ အခြေစိုက်ထားခဲ့သော်လည်း ယခုအခါ နယ်စပ်ဒေသ အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းမှာ ဆရာ ဆရာမများအားလုံးက ယခုအခွင့်အရေးကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်တာနှင့်အမျှ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများပါ တစ်ချိန်တည်း တစ်ပြိုင်တည်း အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ စာသင်ကျောင်းများ ကောင်းမွန်ရေးနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရန် စည်းရုံးဦးစီးဦးဆောင် ပြုလုပ်ရမည့်အပြင် ပညာရေး အရည်အသွေးမြင့်မားရေး အတွက်လည်း အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဆရာ ဆရာမများကိုယ်တိုင် ပညာရပ်ဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းပြီး မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများကိုလည်း အမှန်တကယ် တတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင် ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော်တရားဥပဒေတို့ကို လေးစားလိုက်နာတတ်အောင် မျိုးချစ်စိတ်ရှိအောင် အမျိုးအနွယ် စောင့်သိတတ်အောင် ငယ်စဉ်အခါက သင်ကြားပေးပါမှ အရွယ်ရောက်လာသည့်အခါ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့်၊ ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာမည် ဖြစ်ကြောင်း။

ဆရာ ဆရာမများကိုယ်တိုင် နိုင်ငံတော်အပေါ် အားထားယုံကြည်သည့် စိတ်ဓာတ်၊ နိုင်ငံ့ကောင်းကျိုးအတွက် မိမိတို့တတ်စွမ်းသည့်ကဏ္ဍက စွမ်းဆောင်ပေးစေလိုသည့် စိတ်ဓာတ်တို့ ပြည့်ဝခိုင်မာရန် အရေးကြီးပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရ၏ ပြည်သူများအကျိုး ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်၏ မူဝါဒနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို မိမိတို့တာဝန်ကျရာ ဒေသရှိ ပြည်သူများ ရှင်းလင်းစွာသိရှိအောင်၊ ကျောင်းသား ကျောင်းသူ လူငယ်များလည်း သိမြင်သဘောပေါက်အောင် အထူးသဖြင့် အပြုသဘောနှင့်အဖျက်သဘော၊ အကျိုးနှင့်အပြစ်၊ တည်ဆောက်မှုနှင့် ဖျက်ဆီးမှုတို့၏ သဘာဝကွဲပြားခြားနားမှုကို သိမြင်နားလည်စေရန် စည်းရုံးဦးဆောင်ပေးကြရန်လိုကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ဆရာ ဆရာမများအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် အစွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ကျောင်းသားအမှတ် F-၃၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးလရိန်နှင့် သင်တန်းသူ စံပြဆုရ ကျောင်းသူအမှတ် A-၁၈၈၊ စစ်ကိုင်းတိုင်း ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စောမြတ်နွယ်တို့အားလည်းကောင်း၊ သင်တန်းသား ဖွဲလုံ့လဆုရ ကျောင်းသားအမှတ် F-၁၃၂၊ စစ်ကိုင်းတိုင်း ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးကျော်ကျော်ဟန်၊ သင်တန်းသူဖွဲလုံ့လဆုရ ကျောင်းသူအမှတ် E-၁၆၁၊ မကွေးတိုင်း အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းသန်းဝင်းနှင့် ကျောင်းသူအမှတ် E- ၄၈၊ မကွေးတိုင်း သရက်မြို့နယ် မြို့လှရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်ခင်မမတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲအမှတ်(၁)အဆောင်(၈)နှင့်သင်တန်းသူတပ်ခွဲအမှတ်(၇) အဆောင်(၂)တို့ကိုယ်စား အဆောင်ခေါင်းဆောင်များအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များထံ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့မှ သင်တန်းသား ၂၂၁ ဦး၊ သင်တန်းသူ ၁၃၁၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသူ စံပြဆုရ စစ်ကိုင်းတိုင်း ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စောမြတ်နွယ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆင်ပေါင်ဝဲအသင်း သက်န်းအလှူရေစက်ချပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဆင်ပေါင်ဝဲမြို့နယ်အသင်း (ရန်ကုန်)၏ သင်္ကန်းအလှူ ရေစက်ချပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို မတ် ၂ ရက် (တနင်္ဂနွေနေ့) တောင်သူလယ်သမားနေ့ နံနက် ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်း နေနတ်သားစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ အသက် (၈၀)နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ သားသမီးများအနက်မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများစာရင်းကို ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ ဦးကြည်သိန်း ဖုန်း-၅၃၇၂၅၆၊ ၇၂၇၉၇၀ နှင့် ဦးသိန်းနိုင် ဖုန်း-၅၅၄၁၃၈၊ ၅၆၂၇၄၂၊ ၀၉-၅၁-၈၅၇၆၃ တို့သို့ ဆက်သွယ်ပေးပို့ရန်နှင့် ဆင်ပေါင်ဝဲမြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်ကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် မတ် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အစည်းအဝေးခန်းမ(သခင်မြပန်းခြံလမ်း)၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော ဟောပြောပွဲအခမ်းအနားကို Awareness of CPE Programme ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်ကြောင့် မီးမလောင်ပါစေနှင့်

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဘိုကလေးမြို့နှင့် ပုလောမြို့တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း ဘိုကလေးမြို့ (၄)ရပ်ကွက် စိန်ပန်း ၅ လမ်း အိမ်အမှတ် ၂၀ ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အိမ်ခြေ ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ လူ ၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပုလောမြို့

တနင်္သာရီတိုင်း ပုလောမြို့ (၁)ရပ်ကွက် ရှမဝ ၂ လမ်း အိမ်အမှတ် ၃၂(က)၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ် ၁၉၆ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ လူပေါင်း ၁၄၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ မီးဘေးသင့်သူများအား ပုလော အရှေ့ဘုန်းတော်ကြီးကျောင်းနှင့် အနောက်ဘုန်းတော်ကြီးကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး တာဝန်ရှိသူများက ဆန်၊ ဆီနှင့် ငွေများထောက်ပံ့၍ အခြားလိုအပ်သည်များ ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကိုစနစ်တကျသုံးစွဲကြရေး မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယခုတလော မီးလောင်မှုဖြစ်ပွားခြင်းများမှာ မီးဖိုမီးကြွင်းမီးကျန်များမှတစ်ဆင့် လည်းကောင်း၊ လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့်လည်းကောင်း စတင်လောင်ကျွမ်းရကြောင်း တွေ့ရှိရသဖြင့် အများပြည်သူတို့အနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်သွားကြရန်၊ ဖယောင်းတိုင်မီးဖြင့် ကားခါတ်ဆီဖြည့်ခြင်း၊ မီးစက်ဆီဖြည့်ခြင်း၊ ဖယောင်းတိုင်နှင့် ခြင်ဆေးခွေများကို ပေါ့ဆစွာ မီးထွန်းညှိထားရှိခြင်း၊ မီးကြွင်းမီးကျန်များ မီးဖိုတွင်ငြိမ်းသတ်မှုမရှိခြင်း စသည်တို့ ရှောင်ကြဉ်ကြရန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ မီးဘေးသတိပေးချက်များ မပြတ်ထုတ်လွှင့်ပေးလျက်ရှိရာ မီးဘေးရှောင် မလောင်ခင်တားဆိုသည့် ဆောင်ပုဒ်နှင့်အညီ မီးကိုစနစ်တကျသုံးစွဲကြရန် မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် အခြေခံပညာအလယ်တန်းကျောင်း ရွှေရတုအထိမ်းအမှတ်နှင့် ကျောင်းဆောင်သစ် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက မူဆယ်ခရိုင်၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကိုဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)က ငွေကျပ် သိန်း ၂၀၀၊ ဦးမြတ်ဇင်-ဒေါ်လှယဉ် (မချိုစတိုး)၊ ဦးမြင့်သန်း-ဒေါ်ချိုချိုလွင်(ဇေယျာဝတီ ကုန်ဂိတ်)နှင့် ဦးစံဝင်း-ဒေါ်နန်းလော(ဝ်)ခမ်း (ကြယ်ငါးပွင့် ဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ် ၁၀သိန်းစီတို့ကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဦးစိုင်းထွန်းအေး-ဒေါ်နန်းခမ်းမိုင် (စိုစိုပြေပြေကုမ္ပဏီ)၊ ဦးမျိုးသန့်-ဒေါ်ရီရီခင် (ဝေသာလီခရီးသွားလုပ်ငန်း)၊ ဦးကျော်ဇေယျ-ဒေါ်မာမာဦး၊ ဦးဘုန်းကျော်-ဒေါ်ပြုံးချို၊ ဦးမြင့်လွင်-ဒေါ်အားညာ (မင်းမင်းကုမ္ပဏီ)၊ ဒေါ်စိန်စိန် (စိန်ရတနာဟိုတယ်)၊ ဦးကျော်မြင့်-ဒေါ်ဖြူဖြူလွင် (၈၇-တည်းခိုခန်း)နှင့် ဦးစိုင်းလှကျော်-ဒေါ်ပွင့်စိန် (သင့်မိတ်ဆွေကုန်မာဆိုင်)တို့က ငွေကျပ်ငါးသိန်းစီနှင့် အလှူရှင် ၁၀၀ ကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းဘဦးက ငွေကျပ် ၈၅ သိန်းကို တိုင်းမှူးထံပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက ကျေးဇူးတင်စကား ပြောကြားသည်။ ကျောင်းဆောင်သစ်တည်ဆောက်ရေးအတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၅၅ သိန်းဖြစ်ကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က တံတား တည်ဆောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးကာ ရွှေလီတံတား (နမ့်ခမ်း)၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းက စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လုပ်ငန်းများကို သတ်မှတ်ကာလထက် စောနိုင်သမျှစော၍ ပြီးစီးရန် တွန်းအားပေးဆောင်ရွက်သွားကြရေး မှာကြားကာ ပင်မတမံ ကွန်ကရစ်လုပ်ငန်းရှုရပ်မှနေ၍ ပင်မတမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းသည် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၀ ဒသမ ၂၂ သန်း ထုတ်ယူနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများ ၇၉ ဒသမ ၄၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကွတ်ခိုင်တပ်နယ် မန်တပ် တပ်နယ်ခန်းမ၌ နယ်မြေခံ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ILO အဖွဲ့ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Karl Tapiola နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ပြန်လည်သုံးသပ်

အဆိုပါအဖွဲ့သည် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းအဖွဲ့နှင့်လည်း တွေ့ဆုံဆွေးနွေးကြရာ အဓမ္မခိုင်းစေမှုမပြုလုပ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် ၁/၉၉၊ အမိန့်အမှတ် ၁/၉၉ ကို ဖြည့်စွက်သည့်အမိန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အဓမ္မလုပ်အားပေးဆင့်ဆိုခြင်း မပြုလုပ်ရန် တားမြစ်သော ညွှန်ကြားချက် စသည်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့ကို ဆွေးနွေးကြသည်။ ထို့အပြင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က မြန်မာနိုင်ငံနှင့် ILO တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သော နောက်ဆက်တွဲ သဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေကို ပြန်လည်သုံးသပ်ကြသည်။ မြန်မာနိုင်ငံက အဓမ္မခိုင်းစေမှု မရှိရေးအတွက် ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ စာအုပ်ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၆၂)နှစ်မြောက် မြန်မာ့အသံ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာ မြန်မာ့အသံ သိန်းဟန်၏ ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ စာအုပ်ကို မကြာမီက ထုတ်ဝေဖြန့်ချိလိုက်သည်။



မျက်နှာဖုံးပုံအဖြစ် အိတ်ဆောင်ရေဒီယိုလေးကိုဖွင့်၍ နားဆင်နေသောသမီး မဝင်းပပဟန် B.E.(Civil)၏ လေးရောင်ခြယ် အတ်ကတ်၊ ပလတ်စတစ်လောင်းပုံဖြင့် ရိုက်နှိပ်ထားသည်။ **(ယာပုံ)**

ဖတ်ရှုရမည်

ယင်းစာအုပ်တွင် အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်၏ ဂုဏ်ပြုအမှာစကားနှင့်အတူ တစ်ချိန်က ဗမာ့အသံ (ယခု မြန်မာ့အသံ)တွင် တာဝန် ထမ်းဆောင်ခဲ့သော စာရေးဆရာ၊ ဂီတပညာရှင်၊ အနုပညာ၊ စက်မှုပညာရှင်များဖြစ်ကြသော ညွှန်ကြားဝန် ဦးခင်ဇော်(K)၊ဦးထင်ဖတ် (မောင်ထင်)၊ မာတလိ ဦးကျော်ညိန်း၊ပထမရွှေမောင်းကြီး ဦးသန်း၊ ဒုတိယ ရွှေမောင်း ဦးခင်မောင်(သတင်းဖတ်သူ)၊တတိယရွှေမောင်း ဦးဇော်ဝင်း (မြန်မာ့အသံ မောင်သော်က)၊ ရုပ်ရှင်မင်းသားဒါရိုက်တာ ဗိုလ်ဗကို၊ အဆိုတော်မေရှင်၊ ဦးတင်ဦး(နန္ဒိယ)၊ကမ္ဘာ့ဂီတ ဦးသန်းမြင့်(အဘ)၊အစီအစဉ်မှူး ဦးညွန့်တင်၊ C.E ဦးဝင်းမောင်၊ အင်ဂျင်နီယာ ဦးကြိုင်၊B.B.S ဦးလှဘူး၊ စာရေးဆရာ မင်းရှင်၊ဘုတလင်ဦးချင်းစိန်(မောင်ကြည်ရှင်)၊ ဒေါ်လှထယ်(ရှမ်း)၊ သီရိဂေဟာ ဒေါ်ခင်ခင်ကြည်၊ စန္ဒရားလှထွတ်၊ မြန်မာ့အသံ သိန်းဟန်၏ ကျွန်တော်နှင့် စာအုပ်စာပေ လူ့မိတ်ဆွေ၊ ကျွန်တော်နှင့်ရေဒီယို အသံလွှင့်ဓာတ်လမ်းအကြောင်း အပါအဝင် လူပုဂ္ဂိုလ် ၂၀ တို့၏ မီဒီယာလုပ်ငန်းများနှင့် သူတို့ဘဝအတွေ့အကြုံများကို ဗဟုသုတဖြစ်ဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ်၊ ပြန်လည်တသသတိရဖွယ်အဖြစ် ဖတ်ရှုရမည်ဖြစ်သည်။

ရှားပါးသော မှတ်တမ်းဝင် ဓာတ်ပုံပေါင်း ၅၈ ပုံကိုလည်း ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်။

မြန်မာ့အသံသိန်းဟန်၏ ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ စာအုပ်ကို ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၃ လမ်း(အထက်လမ်း)၊အမှတ် ၁၉၂ ဂုဏ်ထူးစာပေတိုက်၊ ဖုန်း-၃၈၆၅၉၀၊ ၃၈၆၅၉၅ က ပြည်လုံးကျွတ် ဖြန့်ချိပြီး ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ရှိ ထွန်းဦး၊ နဂါးစာပေတိုက်များ၌ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ဦးခွန်ဆိုင် သုံးနှစ်ပြည့်အားရည်စူး၍ အမှတ် ၁၆ မြစ်ငယ်ရပ် မြိတ်မြို့နေ ဒေါ်အန် မိသားစုက အလှူငွေ ကျပ် ၉၃၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ဆိုင်ကယ်လုယက်သူများ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မင်္ဂလာဒုံမြို့နယ် သဃ်္ဃန်းကျွန်းကြီး ကျေးရွာ အောင်မင်္ဂလာ ၂ လမ်း အရှေ့ပိုင်းနေ ကိုဝင်းတင့်(ခ) အရှည်ကြီး (၂၈)နှစ် (ဘ) ဦးအောင်ကြည်သည် ဇန်နဝါရီ ၁၈ ရက် ည ၉ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း၌ လည်းကောင်းပိုင် ၁ယ/၅၉၉၄၄ ကမ်ဘို(၁၁၀) အမျိုးအစား ခိုစိမ်းရောင်ဆိုင်ကယ်ဖြင့် ခရီးသည် စောင့်ဆိုင်းနေစဉ် အမည်မသိ (လူမြင်လျှင် မှတ်မိသူ) လူငယ်နှစ်ဦးမှ သဃ်္ဃန်းကျွန်းကြီးကျေးရွာ ငါးရှဉ့်ချောင်သို့ ငွေကျပ် ၂၅၀၀ ဖြင့် ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ရာ မင်္ဂလာဒုံ ဥယျာဉ်အိမ်ရာဝင်း အိုးအိမ်ကျောက်လမ်းနှင့် ငါးရှဉ့်ချောင်လမ်းခွဲအရောက် ဆိုင်ကယ်ရပ်ခိုင်းသဖြင့် ရပ်ပေးလိုက်စဉ် ကိုဝင်းတင့်(ခ) အရှည်ကြီးအား သစ်သားတုတ်ဖြင့် ရိုက်ပြီး ဆိုင်ကယ်အား လုယူမောင်းနှင်ထွက်ပြေးသွားသဖြင့် မင်္ဂလာဒုံရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

စုံစမ်း

အဆိုပါ မှုခင်းဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တရားခံနှင့် သက်သေခံပစ္စည်း ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆိုင်ကယ်လုယက်သူ အောင်အောင် (၁၉)နှစ် (ဘ)ဦးဇော်ဝင်း ကျွန်းတစ်ဖက်ကျေးရွာ လယ်ဝေးမြို့နယ်နေသူအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ အောင်ကျော်သူ တည်းခိုခန်းတွင် ဖမ်းဆီးရမိခဲ့သည်။

ပြန်လည်သိမ်းဆည်း

အောင်အောင်အား စစ်ကြောဖော်ထုတ်ရာ ၎င်းသည် သူငယ်ချင်းဖြစ်သူ နိုင်မိုးနှင့်အတူ ဆိုင်ကယ်သမားအား သစ်သားတုတ်ဖြင့်ရိုက်ပြီး ဆိုင်ကယ်ကို လုယူ မောင်းနှင်ထွက်ပြေးခဲ့ကြောင်းနှင့် ဆိုင်ကယ်အား မှော်ဘီဈေးမျက်နှာချင်းဆိုင်ရှိ အပေါင်ဆိုင်တွင် ကျပ်တစ်သိန်းခွဲဖြင့် ပေါင်နှံခဲ့ကြောင်း ထွက်ဆိုပြီး ဆိုင်ကယ်အား ခင်မောင်ဝင်း (သစ္စာအောင်မြင် အပေါင်ဆိုင် တာဝန်ခံ) အမှတ် ၁၉၀၊ ပြည်လမ်း (၃)ရပ်ကွက် မှော်ဘီမြို့နယ်နေသူထံမှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ အောင်အောင်နှင့် နိုင်မိုး(စုံစမ်းဆဲ)တို့အား မင်္ဂလာဒုံရဲစခန်းမှ (ပ)၁၃၇/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်နှင့် အနောက်ရွှေဂုံတိုင်လမ်းထောင့်ရှိ ကျောက်ဆည်အသင်း(ရန်ကုန်) ဓမ္မာရုံဗိမာန်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ရှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခြင်း၊ ၂၀၀၇ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုခြင်း၊ ကျောက်ဆည်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်ဒွဏ်းက ကျောက်ဆည်ဆင်ပွဲ အထိမ်းအမှတ် ဆင်ဖြူတော်ကဟန်ပန်းချီကားကို ကျောက်ဆည် ဓမ္မာရုံဗိမာန်သို့ လှူဒါန်းခြင်း**(ယာပုံ)**နှင့် ၂၀၀၈-၂၀၀၉ခုနှစ် ကျောက်ဆည်အသင်း (ရန်ကုန်)အလုပ်အမှုဆောင် ၄၃ ဦးအား ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဘိုမြို့၌ အကြိုအခြေခံမီးသတ်ပညာ သင်တန်းဆင်း

ရွှေဘို ဖေဖော်ဝါရီ ၂၂

ရွှေဘိုမြို့ ဌာနဆိုင်ရာဝန်ထမ်းများ အကြိုအခြေခံမီးသတ်ပညာသင်တန်း(လက်နက်ပါ) အမှတ်စဉ်(၂) ဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီက ရွှေဘိုမြို့မီးသတ်စခန်း၌ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် ခရိုင်ရဲမှူးကြီး ဒုတိယရဲမှူးကြီးမြင့်လွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာ ဝန်ထမ်းသင်တန်းသား ၄၅ဦး တက်ရောက် သင်တန်းဆင်းခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင်၌ စိုးစံပြည်သူ့စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရုပ်မြင်သံကြားပြစက်၊ သုတရသစာအုပ်နှင့်အလှူငွေများလှူဒါန်း

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၄

ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာသို့ စိုးစံဘော်ဒါဆောင်မှ ဆောက်လုပ်လှူဒါန်းသည့် စိုးစံပြည်သူ့စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး စာကြည့်တိုက်အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) (စိုးစံဘော်ဒါ)က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အဆောက်အအုံနှင့်ဆိုင်သော စာရွက် စာတမ်းများ၊ ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက်**(ယာပုံ)**၊ ပရိဘောဂနှင့်စာအုပ်စာစောင်များစုစုပေါင်းငွေကျပ်၃၇၂၄၀၀ တန်ဖိုးကို လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံယူသည်။

ဂုဏ်ပြုလွှာ

ထို့နောက်စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်ခုနစ်သိန်းကို စိုးစံလေ့ကျင့်ရေးစခန်းမှ ဒေါ်နန်းယဉ်ယဉ်ကလည်းကောင်း၊ ငွေကျပ်တစ်သိန်းကို စိုးစံလေ့ကျင့်ရေးစခန်းမှ ပြင်ပနည်းပြ ဦးမြင့်ဇော်ကလည်းကောင်း၊ ငွေကျပ်လေးသောင်းတန်ဖိုးရှိ သုတစာအုပ် ၁၇၇အုပ်ကို ပြင်ပနည်းပြ ဆရာဦးသက်ဦးကလည်းကောင်း၊ ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ်စင်နှစ်ခုကို ကျေးရွာဥက္ကဋ္ဌဦးစိုးနိုင်ညွန့်ကလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက သုတ၊ ရသစာအုပ်မျိုးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ခရိုင်အတွင်းရေးမှူးဦးအောင်သီထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းတို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်နှင့်စာကြည့်တိုက်အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင်ပြန်/ဆက်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် ဧရာဝတီတိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် ခရိုင် ဦးစီးအရာရှိ ဒေါ်ခင်ခင်မူတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက်က မြောင်းမြခရိုင် လပွတ္တာမြို့နယ်ရုံးသို့ သွားရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များအား တွေ့ဆုံကာ ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ပတ်သက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးညှိနှိုင်းသည်။

မွန်းလွဲပိုင်း တွင် လပွတ္တာမြို့နယ်လပွတ္တာ လုပ်မြောက်ကျေးရွာ ပညာ ရောင်ခြည် ကိုယ့် အား ကိုယ် ကိုး စာကြည့်တိုက်သို့ သွားရောက်၍ စစ်ဆေးပြီး စာကြည့်တိုက်ရေရှည် တည်တံ့ ခိုင်မြဲရေး ဆွေးနွေး ဟောပြောသည်။

ထို့နောက် လပွတ္တာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အမှတ်(၄)လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၁ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးဘိုဘိုမြင့် တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် မီးသတ်ဆေးဘူးများလဲလှယ်ခြင်း၊ လျှပ်စစ်ဓာတ်အားဆက်သွယ် သုံးစွဲသူများ စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့်ဒုတိယ ဦးစီးမှူး(ဈေး)ဦးစိန်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့ ဆမားဒူဝါလမ်း ကျောက်ချောခင်း

ရွှေကူ ဖေဖော်ဝါရီ ၁၅

ရွှေကူမြို့ အမှတ်(၄)ရပ်ကွက် ဆမားဒူဝါလမ်း အရှည်ပေ ၁၂၇၀၊ အကျယ် ၁၂ပေ ကျောက်ချောခင်းနေမှုကို ဖေဖော်ဝါရီ ၄ရက်က ရွှေကူမြို့နယ် အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် အမှတ်(၄) ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းကျော်ကျော်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ကော့သောင်းမြို့ (၉)မိုင်ကျေးရွာ လက်တူးရေတွင်းဖွင့်

ကော့သောင်း ဖေဖော်ဝါရီ ၂၂

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ကျေးလက်ရေပေးရေး လက်တူးရေတွင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက် နံနက်၁၀နာရီက ကော့သောင်းမြို့နယ် ကိုးမိုင်ကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးကြည်က ကျေးလက်ရေပေးရေး၊ လက်တူးတွင်းတူးဖော်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဝင်း၊ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါကျေးလက် လက်တူးရေတွင်းမှာ အကျယ်ငါးပေ၊ အနက်ပေ၃၀ ရှိပြီး ကွန်ကရစ်ခွေချ၊ ကွန်ကရစ်ခင်း၊ သွပ်မိုးရေတွင်းအမျိုးအစားဖြစ်ပြီး ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ရန်ပုံငွေကျပ် ၉၁၀၀၀၀ဖြင့် အကုန်အကျခံ တူးဖော်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

(၆၁)နှစ်မြောက် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့ ဒေါနလမ်း ကတ္တရာ လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးလှဌေးနှင့် အမှုဆောင် အရာရှိ ဦးခိုင်လွင်သန့် တို့က ဖဲကြိုး ဖြတ်ဖွင့် လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့၌ ဘော်လီဘောပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ပခုက္ကူ ဖေဖော်ဝါရီ ၁၇

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ရက် ညနေက အဆိုပါ ရုံးဝင်းအတွင်း၌ကျင်းပရာ အမှတ်(၁၀)ရပ်ကွက်အသင်းက ပထမ၊ ကျွန်းဦးကျေးရွာအသင်းက ဒုတိယနှင့် ဆိတ်ခွဝကျေးရွာအသင်းက တတိယရရှိပြီး ဆုများကို ခရိုင်ဥက္ကဋ္ဌဦးတင်မောင်စိုး၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်ဦးကျော်တင့်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (ဝ၇ဝ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဒီဇင်ဘာ ၂၅ ရက်က မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်းပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယဦးစီးမှူး ဦးအောင်ကျော်ထက်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးရဲမင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မဟာအတုလသစ္စာသိမ်တော် တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၂၅၀ ဆက်ကပ်လှူဒါန်း

ရေတာရှည် ဖေဖော်ဝါရီ ၁၄

ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက် အတွင်းရှိ အောင်သစ္စာ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်မည့် မဟာအတုလသစ္စာ သိမ်တော်မြတ်အတွက် အလှူငွေပေးအပ်ပွဲနှင့် ပင့်သံဃာတော်အပါး ၁၀၀ တို့အား ဆွမ်းကပ်ခြင်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီက အောင်သစ္စာကျောင်းတိုက်၌ ကျင်းပသည်။

ဆက်ကပ်

ရှေးဦးစွာ နှစ်ဖက်သောမိဘများ ဖြစ်သည့် အမိဒေါ်အမာနှင့် အမိ ဒေါ်ပြုံး တို့အားအမှူးထား၍ တစ်ဦးတည်း အလှူရှင် ရေတာရှည်မြို့ အမှတ်(၂) ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းနေ (၂၅၂) စားတော်ဆက်ပိုင်ရှင် ဦးဝင်းသိန်း-ဒေါ်ခင်မာချို၊ (သား)ဗိုလ်ကြီး လှဇော်ဦးနှင့် သမီးများက အောင်သစ္စာ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏထံ မဟာအတုလသစ္စာ သိမ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၂၅၀ ကိုဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပင့်သံဃာအပါး၁၀၀ တို့အား တစ်ပါးလျှင် ဝတ္ထုငွေကျပ် ငါးထောင်စီဖြင့် အလှူငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းကြပြီး မဟာဝိသုတာရာမ ဈေးကုန်းကျောင်း နေပြည်တော် ပျဉ်းမနား အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဘဒ္ဒန္တ ကဝိသာရမထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးက အလှူအနုမောဒနာတရား ဟောကြားကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုကျင်းပသည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ ရက်က ကျင်းပရာ အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှတင်မြင့်နှင့် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပြီး ဒေါ်ခင်မေအေးက ဒို့ကျေးရွာဂျာနယ်မှ စောင့်ထိန်းနိုင်သူ ခေါင်းစဉ်ကိုလည်းကောင်း၊ စတုတ္ထတန်းမှ မစန်းသီတာက အကြီးအမှူး ဖြစ်စေတတ်သော စာအုပ်မှ မှတ်ဉာဏ်ကောင်းစေရန်မခက်ပါ ခေါင်းစဉ်ကို လည်းကောင်း၊ မထူးပြည့်ပြည့်ထွန်းက မောင်တို့မယ်တို့ချစ်တဲ့ ဒို့တိုင်းပြည်စာအုပ်မှ ရအောင်ရှာ ခေါင်းစဉ်ကို လည်းကောင်း ဖတ်ကြားကြသည်။ (၁၁၄)

မြိုင်မြို့ (၃)ရပ်ကွက် မြသီတာလမ်း ကျောက်ချောလမ်းဖွင့်

မြိုင် ဖေဖော်ဝါရီ ၂၀

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် သုံးဆယ့်ရှစ်သိန်းလေးသောင်းဖြင့် မြိုင်မြို့ အမှတ် (၃)ရပ်ကွက် မြသီတာလမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ အမာခံကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖေဖော်ဝါရီ ၉ ရက်က မြို့အဝင် ဆိုင်းဘုတ်၌ မြေယာရှုခင်း အလှနှင့် လေ့ဖြင့်ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ရုံးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးလင်းထွဋ် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ဝ၂၁)

မြင်းခြံမြို့ အောက်မြို့ ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့ အောက်မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွယ်လင့်တကူ

အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၆၈၀ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၉၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာသီမရွေး လွယ်လင့်တကူ ချောမောစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ဦး တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့် လူနာများအခမဲ့ကုသ၊ ဆေးပညာအကြောင်းဟောပြော

ညောင်ဦး ဖေဖော်ဝါရီ ၁၀

ညောင်ဦးခရိုင် ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်တိုင်းရင်းဆေးကုဌာနရုံး အဆောက်အအုံသစ်ကို မန္တလေးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမြင့်စိုးနှင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆောက်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်က ရုံးအဆောက်အအုံသစ် ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဦးစီးဌာနမှူး ဦးမြင့်စိုးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဦးစီးဌာနမှူး ဦးမြင့်စိုးနှင့် မန္တလေးတိုင်း တိုင်းရင်းဆေးဆရာအသင်းမှ အဖွဲ့ဝင်များသည် ပုဂံမြို့သစ်အတွင်းရှိလူနာများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်ကျမ်း (တတိယအုပ်)အတွက် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ ပုသိမ်မြို့ မရမ်းချိုလမ်း အမှတ်(၂၈)နေ ဒေါ်ကျင်ရွှေ၊ လှိုင်သာယာ နဝဒေးအိမ်ရာ ၅၁/၂၃ အမှတ်(ဘီ)နေ ဦးမျိုးကြည်၊ အောက်ပုဇွန်တောင် ဦးဖိုးမင်းလမ်း အမှတ်၅ ရပ်ကွက် အမှတ်(၂)နေ ဒေါ်လှလှဝင်းနှင့် ဓမ္မမိတ်ဆွေများ၊ အနောက်ရန်ကင်း တိုက်၃၄၃ အခန်း၁၇နေ မမီမီခင်၊ စမ်းချောင်းမြို့နယ် ရှမ်းကုန်းလမ်း အမှတ်(၆၀) (၇/ဘီ)နေ ဘိုးဘိုးဦးလှတင့်-ဘွားဘွား ဒေါ်ချိုချိုဝင်း၊ ဘွားဘွားပိုပိုဝင်းတို့က မြေးမသက်ထားအောင်၏ ရက် ၁၀၀၀ပြည့် မွေးနေ့၊ ဝေဠုဝန်အိမ်ရာ(တောင်) တိုက် ၆ အခန်း(၄)နေ မိဘများဖြစ်ကြ သော ဦးလှဒင်-ဒေါ်ခင်စောယဉ်တို့အား အမှူးထား၍ သမီးဒေါ်စီစီလှ၊ သား ဦးရဲဒင်မိုး၊ ဦးမျိုးဒင်ကျော်၊ ဦးမင်းဒင်ထွဋ်၊ စင်ကာပူနိုင်ငံမှ ဦးရဲဒင်မိုး-ဒေါ်မို့မို့အောင်၊ သမီး မဖြိုး ဝသန်မိုး၊ မဖူးသဇင်မိုး၊ စမ်းချောင်း မြို့နယ် သုခမိန်လမ်း အမှတ်၁၉နေ ဦးခင်ကြူ-ဒေါ်တင်ညွန့်၊ ဒေါက်တာ မောင်မောင်ကျော်-ဒေါ်ခင်လေးရီ၊ သမီး မနေနေအောင်၊ သုဝဏ္ဏမြို့သစ် ၂၉ ရပ်ကွက် စကားဝါလမ်း တိုက်၁ အခန်း ၆ နေ ဦးထွန်းကြိုင် (သချာ-သိပ္ပံ)၊ မင်းပြားမြို့ အလယ်ပိုင်း ရပ်ကွက်နေ ဦးမောင်စံရွှေ၊ သမီး မခင်ထားရွှေ၊ သား မောင်ဉာဏ်လင်းထွန်း(ဒုရဲအုပ်)၊ လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဘုရင့်နောင်လမ်း ရတနာမွန်အိမ်ရာ အမှတ် (အေ/၃၀၃)နေ ဗိုလ်ကြီးကျော်စိုးဟန်-ဒေါ်သန္တာမောင်၊ သား မောင်ထက်အောင်လင်း၊ မောင်စွမ်းထက်၊ သန်လျင်မြို့ ဘုရားကုန်းလမ်းဆုံ အမှတ်(၁၀၆)နေ ဦးစံထွန်းမောင်-ဒေါ်အုံးကြည်၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ် ၉ နေ ဒေါက်တာ ဒေါ်လှစိန်တို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြား ၁၅ ချပ်အတွက် အလှူတော်ငွေကျပ် ၃၀၀၀၀၀ ကို လာရောက်ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ဝမ်းတွင်း(၁)ရပ်ကွက်တွင် တူးဖော်ဆောင်ရွက်သော မြို့ရေပေးရေးလေးလက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် အငယ်တန်း အင်ဂျင်နီယာ–၂(စက်မှု) ဦးနောင်နောင်လတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်
၂၈–၂–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နေသည့် သကြားလုံး စက်ရုံ ကျောက်ဆည်အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ချစ်တပည့်သို့ စကား လက်ဆောင် (ဦးဝမ်ထိန်)
(၂) ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းများ– ဒုတိယတွဲ (မောင်သိန်းလွင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အစားအသောက်မှီဝဲမှု လမ်းညွှန်) (မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဆူးပန်းရွက်ချဉ်ရည်နှင့် အာပြဲခြောက်ကြော်)

ညနေပိုင်း

၁၆း၂၀ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အထူးအစီအစဉ် (အင်္ဂလိပ်စာ)
၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ချစ်သူတိုင်းလည်းညားကြပါစေ (စန္ဒရားချစ်ဆွေ)
(၂) ချစ်တိုင်းမညား ညားတိုင်းမချစ် (ခင်ညွန့်ရီ)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (သေကံမရောက် သက်မပျောက်)
၁၉း၄၀ ဟန်မျိုးစုံညီတေးကိုသီ (နှင်းပျောက်တဲ့နွေ)
၁။ ကိုသက်ဦး
၂။ မဇ္ဈူသင်း
၃။ ခင်ဖြူကြည်
၄။ နီနီဝင်းရွှေ
၅။ စိုးစန္ဒာထွန်း
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပန်းကမ္ဘာလေးဖျက်ပြေးသွားတယ် (စိန်မောင်မြင့်)
(၂) ချိန်းတဲ့ညနဲ့ချစ်သူ (မြင့်မြင့်စိန်)
(၃) ချစ်သူကိုယ်စား (ကိုကျော်ညွန့်)

ရှေးဟောင်းမဟာမြတ်မုနိဘုရားကြီးကျောင်းတော်သစ်ဆောက်ရန် ပန္နက်တင်

သီပေါ ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသ ရှေးဟောင်းမဟာမြတ်မုနိဘုရားကြီး ကျောင်းတော်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၇ရက် နံနက်၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ သီပေါမြို့နယ် သံဃနာယကအဖွဲ့ဝင် နမ့်လန်ဒက္ခိဏာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမသာရအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နမ့်လန်မဇ္ဈိမာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ မထေရ်မြတ်ထံမှ ဩဝါဒကထာခံယူကာ ဗိုလ်မှူးကြီးဟန်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်ညွန့်**(အပေါ်ပုံ)**နှင့် ဗိုလ်မှူးကြီးကျော်စိုးတို့ဦးဆောင်ပြီး အရပ်ရှစ်မျက်နှာအလိုက် ကျောင်းတော်သစ်ကြီးဆောက်လုပ်ရန် ပန္နက်တင်ပေးကြသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေကျပ်သိန်း ၄၆၀ ကျော်ကို ကျောင်းဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စမ်းချောင်း မြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၃/၂၅ နေ ဦးခင်မောင်ဝေ–ဒေါ်လှလှမြင့် မိသားစုက နှစ်ဖက်သော မိဘများအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံယူစဉ်။ (က–ပ)

မြဝတီမြို့ မဟူရာလမ်း ကတ္တရာခင်း

မြဝတီ ဖေဖော်ဝါရီ ၁၀

မြဝတီမြို့ အမှတ်(၂)ရပ်ကွက် မဟူရာလမ်းတွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက် ဆင်ခေါင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာကျော်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန် အတွက် ပြည်မြို့ အမှတ် ၂၇၁ ပန်းပဲတန်းလမ်းကိုမျိုးဇေယျာမင်း(ပန်လေး) အားရည်စူး၍ ဦးမျိုးညွန့် – ဒေါ်ခင်နှင်းဆွေနှင့်သားသမီးများ၊ ကိုကြည်ခင်အောင်–မပဟောမာဦး၊ ကိုနေလင်း(ခ)ပန်ကြီး–မယဉ်မင်းခိုင်၊ ကိုကျော်ကျော်လွင် မိသားစုတို့က စောင်းတန်း တစ်ခန်းစာအတွက် အလှူငွေကျပ်၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့ လက်ခံယူစဉ်။ (၀၅၇)

Myanmar Baking Training Center

နိုင်ငံတကာအဆင့်မီ မုန့်ဖုတ်နည်းပညာသင်တန်းနှင့် မုန့်အလှဆင်နည်းပညာသင်တန်းကို ၂၁–၄–၂၀၀၈ရက်မှ ၅–၅–၂၀၀၈ရက်အထိ ဖွင့်လှစ်မည်။

(သင်တန်းသားများ စတင်လက်ခံပြီ။)

ဆက်သွယ်ရန်လိပ်စာ–
အမှတ်၁၆၆၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း–၅၇၃၈၅၂၊ ၅၆၅၆၄၉။

ဖခင်အမည်နှင့်မှတ်ပုံတင်အမှန်

အထက(၄) ရွှေပြည်သာ ပဥ္စမတန်း(A)မှ မအိအိချော၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်း ၁၂/ကတန(နိုင်)၀၇၃၀၈၁ ဖြစ်ပါကြောင်း။

ဦးရဲဝင်း။



ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်–၁၃

ဦးဝင်းထွန်း(ခ)ဦးဝင်းဇော်ဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်သင်း)	**နှင့်**	၁။ ဦးလှစိုး ၂။ ဒေါ်ငွေထား(ခ) ဒေါ်ကွန်ရွှတ်
တရားလို		**တရားပြိုင်များ**

မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာနေ ၁။ဦးလှစိုး ၂။ ဒေါ်ငွေထား(ခ)ဒေါ်ကွန်ရွှတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးဝင်းထွန်း(ခ)ဦးဝင်းဇော်ဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်သင်း)က ငါးဖမ်းလုပ်ငန်းအတွက် ကြိုတင်ထုတ်ပေးထားသည့် ငွေများအနက်မှ ပေးဆပ်ရန်ကျန်ငွေ ၃၀၀၇၈၀၀ိ/–(ကျပ်သိန်းသုံးဆယ်နှင့်ခုနစ်ထောင့်ရှစ်ရာ)တိတိအား ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် မတ် ၁၉ ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်စိုး
ဒုတိယခရိုင်တရားသူကြီး(၁)
မော်လမြိုင်ခရိုင်တရားရုံး။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုနိုင်တော့သည့် စက်၊ ယာဉ်၊ ယန္တရားအဟောင်း ၂၁ စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

စဉ်	တင်ဒါအုပ်စုအမှတ်	စက်၊ယာဉ်၊ယန္တရား အရေအတွက်	စက်၊ယာဉ်၊ယန္တရားအခြေအနေ ကြည့်ရှုရမည့်နေရာ
၁	Lot No.1,3,4.5	၅–စီး	ရုံးချုပ်ယာဉ်၊ သုဝဏ္ဏ၊ ရန်ကုန်
၂	Lot No.6	၁–စီး	မြဝတီ
၃	Lot No. 7	၁–စီး	ဖာပွန်
၄	Lot No.8,9.10,11,12	၅–စီး	ဘုရားကလေး(ပဲခူး)
၅	Lot No. 13	၁–စီး	သထုံခရိုင်
၆	Lot No.14,15,16,17	၄–စီး	ဖလမ်း
၇	Lot No.2, 18	၄–စီး	ပင်မအလုပ်ရုံ(တောင်)အင်းစိန်

၂။ ချိပ်ပိတ်တင်ဒါ စည်းကမ်းချက် တစ်စောင်လျှင် ကျပ် ၃၀၀၀ိ/–နှုန်းဖြင့် ၂၇–၂–၂၀၀၈ ရက်မှ ၁၇–၃–၂၀၀၈ ရက်အထိ ယန္တရားတပ်ခွဲ(တောင်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်း ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာများကို ၁၇–၃–၂၀၀၈ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ယန္တရားတပ်ခွဲ(တောင်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မရမ်းကုန်း ရန်ကုန်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီး ၁၈–၃–၂၀၀၈ရက် နံနက် ၉း၀၀နာရီတွင် ဖွင့်လှစ်ရောင်းချပါမည်။

ရောင်းချရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ရှေ့ဖုံးမှ

၃၀။	ဦးမြတ်သူ	အဖွဲ့ဝင်
၃၁။	ဦးစံလွင်	အဖွဲ့ဝင်
၃၂။	ဦးစိုင်းထွန်းမြတ်	အဖွဲ့ဝင်
၃၃။	ဦးမောင်လေး	အဖွဲ့ဝင်
၃၄။	ဦးဆိုင်ပေါင်းနပ်	အဖွဲ့ဝင်
၃၅။	ဦးစိုင်းစံတင်	အဖွဲ့ဝင်
၃၆။	ဦးထွန်းရင်	အဖွဲ့ဝင်
၃၇။	ဦးတီခွန်မြတ်	အဖွဲ့ဝင်
၃၈။	ဦးအားလယ်	အဖွဲ့ဝင်
၃၉။	ဦးစိုင်းရီတစ်	အဖွဲ့ဝင်
၄၀။	ဦးဒါယေလှ	အဖွဲ့ဝင်
၄၁။	ဦးတင်ဆန်း	အဖွဲ့ဝင်
၄၂။	ဦးမြတ်ကို	အဖွဲ့ဝင်
၄၃။	ဦးမောင်မောင်သန်း	အဖွဲ့ဝင်
၄၄။	ဦးဝင်းကို	အတွင်းရေးမှူး
၄၅။	ဦးသန်းအောင်	တွဲဖက်အတွင်းရေးမှူး

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

ဖေဖော်ဝါရီ ၂၅ ရက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း စာ–၁၃) (သတင်းစဉ်)



မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံမှာ အမျိုးသားညီလာခံ ကျင်းပရာမှာရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာရော၊ အခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် အတည်ပြုရာမှာရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဒီမိုကရေစီ လုပ်ငန်းစဉ်တွေ ဆက်လက်အကောင်အထည် ဖော်ရာမှာရော ပြည်ထောင်စုဖွား တိုင်းရင်းသားစုံ ပြည်သူတွေ စုံစုံညီညီ ပါဝင်တာဖြစ်တဲ့အတွက် သမိုင်းမှာ ကမ္ပည်းတင်ရမှာ ဖြစ်ပါတယ်။

ဦးပြေကျော်၏ ဒီမိုကရေစီပန်းတိုင်သို့ ထင်သာမြင်သာ အချိန်ဇယားနှင့်အညီ ချီတက်မည့်မြန်မာ ဆောင်းပါး (စာ ၃ နှင့် ၁၁)

လျှပ်စစ် သုံးလျှင် သတိယှဉ်၊ ဝန်အားမမျှ မသုံးရ